ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (20-2-2007) (၅၂၃၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ခေါင်းစက်ရုံ(အင်းစိန်) ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်) ကြည့်ရှုစစ်ဆေး ပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်းတို့ကို ပိုမိုဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်အတူ ညနေ ၃ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရှင်းလင်းခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က လိုအပ်သည့် စက်အစိတ်အပိုင်းအချို့အား ပြည်ပမှ မှာယူတင်သွင်းခြင်းမပြုဘဲ ပြည်တွင်း၌ သွင်းကုန်အစားထိုး ထုတ်လုပ်မှုအခြေအနေ၊ အခြားဝန်ကြီးဌာနများအောက်ရှိ စက်ရုံ အလုပ်ရုံများမှ လိုအပ်သောစက်ပစ္စည်း အစိတ်အပိုင်းများကိုလည်း မြန်မာ့မီးရထားမှ သွင်းကုန်အစားထိုး ထုတ်လုပ်ပေးမှုအခြေအနေ၊ မီးရထားစက်ခေါင်းများကိုလည်း ပြည်တွင်း၌ တီထွင်ထုတ်လုပ်နေသည့် အခြေအနေ၊ မူလမြင်းကောင်ရေ ၂၂၀၀ အား စက်ခေါင်းတစ်လုံးမှ ပြည်တွင်း၌ မြင်းကောင်ရေ ၁၁၀၀ အား စက်ခေါင်း နှစ်လုံးအဖြစ် ပြုပြင်တီထွင်ထုတ်လုပ်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ခေါင်းစက်ရုံ(အင်းစိန်) အထွေထွေမန်နေဂျာ ဦးစောဘယ်လင်တိုင်းက မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)၏ နောက်ခံသမိုင်း၊ ရည်မှန်းချက်တာဝန်၊ စက်ရုံ၏ဖွဲ့စည်းမှု၊ စက်ခေါင်းအင်အား၊ စက်ခေါင်းများ ပြုပြင်ခြင်းလုပ်ငန်း၊ ထရက်ရှင်မော်တာ အဆင့်မြှင့်ပြုပြင်ရေး ဆောင်ရွက်ချက်၊ စက်ခေါင်းများ ပြန်လည်တည်ဆောက်ခြင်း၊ စွမ်းအားမြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ပထမဆုံး အစမှအဆုံး စက်ခေါင်းတည်ဆောက်ပြီးစီးမှုအခြေအနေ၊ စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ကြေးမုံ The Mirror — အင်တာနက် ကျန်းမာရေး သတင်း

ချောကလက် စားသုံးလျှင် ကျန်းမာရေးအတွက် အကျိုးရှိနိုင်

ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၁၉

ချောကလက်နှင့်ပတ်သက်၍ သုတေသီများက လေ့လာမှုပြုလုပ်ကြရာတွင် ကိုကာသည် ဦးနှောက်လုပ်ဆောင်မှုကို အားပေးသည်ကိုလည်းကောင်း၊ သက်ကြီးပိုင်းများအတွက် ဆဲလ်များ ပျက်စီးမှုနည်းပါးစေသည်ကိုလည်းကောင်း တွေ့ရှိရသည်ဟု သုတေသီများက ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

မကြာသေးမီကာလက သိပ္ပံပညာရှင်များသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ သိပ္ပံတိုးတက်မှုနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲတစ်ရပ်ကို သိပ္ပံပညာရှင်များအဖွဲ့ကပြုလုပ်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲ၌ ချောကလက်တွင် ပါဝင်သော ဖလာဗာနောလ်ဓာတ်၏ ဦးနှောက်အပေါ် သြဇာသက်ရောက်မှု မည်သို့ရှိသည်ဆိုသည့် အချက်ကို တင်ပြဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁



ချောကလက် စားသုံးပါက ဦးနှောက်အတွက် အကျိုးပြုစေနိုင်သည်ဟု ဆိုသည်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၀-၂-၂၀၀၇
(အင်္ဂါနေ့)

စီးပွားကုန်သွယ်မှု အထောက်အကူပြုမည့် စစ်တွေဆိပ်ကမ်း ဆိပ်ခံတံတားသစ် ဖွင့်လှစ်

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်ရေးသည် အဓိကကျသည်။ နေရာဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ဆက်သွယ် သွားလာနိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီး ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်သကဲ့သို့ အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတစ်ဝန်း၌ လမ်းသစ်၊ တံတားသစ် များစွာကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည့်နည်းတူ လေကြောင်းနှင့်ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ၌ ကုန်ပစ္စည်းများ လွယ်ကူစွာပို့ဆောင်နိုင်ရေး၊ ကုန်စည်စီးဆင်းမှု အထောက်အကူပြုရေး လုပ်ငန်းများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်းရှိ ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားသစ်ကို ဖေဖော်ဝါရီလ ၁၈ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ စစ်တွေမြို့ ဆိပ်ကမ်းတွင် ယခင်က နှစ်ပေါင်း ၁၂၀ ကျော် သက်တမ်းရှိသည့် ဆိပ်ခံတံတားဟောင်းကြီးရှိခဲ့သော်လည်း ၂၀၀၄ ခုနှစ်က လေမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့ရသည်။ ဆိပ်ခံတံတားမရှိ၍ ရေယာဉ်များ ဆိုက်ကပ်နိုင်ခြင်းမရှိတော့သဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုတွင် အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။

အဆိုပါ လိုအပ်ချက်များကို ဖောင်တော်ကြီး ဆိပ်ခံတံတားသစ်တည်ဆောက်ဖွင့်လှစ်ခြင်းဖြင့် ဖြည့်ဆည်းပေးနိုင်ပြီဖြစ်သည်။ ခေတ်မီသံကူကွန်ကရစ် ဆိပ်ခံတံတားသစ်ကြီးတွင် တန်ချိန်လေးထောင်တင်နိုင်သည့်ရေယာဉ်များ၊ အိမ်နီးချင်းနိုင်ငံများမှ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်အသုံးပြုနိုင်ပြီဖြစ်ရာ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးတွင် ပိုမိုသွက်လက် မြန်ဆန်လာမည်ဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ်အနေဖြင့် တိုးတက်ဖြစ်ပေါ်လာသော လေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းများမှသာမက ရေကြောင်းလမ်းမှလည်း ခရီးသည်နှင့် ကုန်စည်ပမာဏ များပြားစွာ သွားလာသယ်ယူ တင်ပို့နိုင်ပြီဖြစ်သည်။ ယခု အသစ်ဖွင့်လှစ်လိုက်သည့် စစ်တွေဆိပ်ကမ်း ဆိပ်ခံတံတားသစ်ကြီးကြောင့် ကုန်သွယ်ရေကြောင်းမှ စီးပွားကုန်သွယ်လုပ်ငန်းများ သွက်လက်မြန်ဆန်မှုကို အထောက်အကူပြုလာပြီး ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများနှင့် သား မောင်ဇော်သန်းအားရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် တိုက်(၂၀၆) နေ ဦးအောင်သန်း–ဒေါ်စိန်ကြည် သား၊သမီးမြေး မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်သူရိယ (မြစ်ကျိုး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ် ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၈ ခုနှစ်တွင် (၂၅၉၅)နှစ်မြောက်အဖြစ် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟု ဆိုအပ်သော ပူဇော်ခြင်း အရပ်ရပ်တို့ဖြင့် ပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး မတ် ၂ ရက် (တပေါင်းလပြည့်နေ့) နံနက် ၉ နာရီအထိ သံဃာတော်အပါး ၁၂၀ တို့က ၁၀ ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

မတ် ၁ ရက် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၈၁ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပမည်ဖြစ်ပြီး မတ် ၂ ရက် နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးစုပေါင်းဆက်ကပ်လှူဒါန်း၍ ယင်းနေ့နံနက် ၉ နာရီခွဲတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချသာဓုအနုမောဒနာ အခမ်းအနားကျင်းပမည်ဖြစ်သည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ပါဝင်ကုသိုလ်ပြုလိုသူများသည် ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ရုံးပိတ်ရက်များတွင် ဂေါပကအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် နံနက် ၅ နာရီမှ ၇ နာရီအထိ အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သော အလှူငွေဖြင့် အသင့်ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထားသည်။

(သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၁/၂၀၀၇) အစည်းအဝေး၌ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၀၇) အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၏ နာယကချုပ်၊ ဒုတိယနာယကချုပ်နှင့် မော်ကွန်းထိန်း ဆရာတော်များ ကြွရောက်တော်မူကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး သဘာပတိ ဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၆) အစည်းအဝေးမှတ်တမ်းကို အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၂/၂၀၀၆) အစည်းအဝေးမှတ်တမ်းပါကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တင်ပြပြီး ဗဟိုပညာရေးအဖွဲ့၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်၊ မန္တလေး)တို့၏ တင်ပြချက်များအပေါ် ဝေဖန်ဆုံးဖြတ်ပြီး တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ တွဲဖက်အတွင်းရေးမှူး(၁) တာဝန်ပေးအပ်သည့်ကိစ္စအား တင်ပြဆွေးနွေးအတည်ပြုချက်ရယူသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးကြကာ သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒ မြွက်ကြားပြီးအစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အရှင်ကောလိတ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့ မြောက်ဥက္ကလာပ သဇင်ရေကျော်ကျောင်းတိုက် ကမ္ဘာ့ဗုဒ္ဓသာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကောလိတ (အနှိုင်းမဲ့ရတနာ) အရှင်သူမြတ်သည် တပေါင်းလပြည့်ကျော် ၂ ရက် ညတွင် ပဲခူးတိုင်း ကဝမြို့နယ် ကံကြီးရွာ ဓမ္မသဘင်ပွဲတွင် လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၃ရက် ညတွင် သပြေကန်ရွာ ဓမ္မသဘင်ပွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

(က–ပ)

ဒိုက်ဦးမြို့နယ်အသင်း သက်ကြီးပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် သက်ကြီး (၅၅)ဦးတို့အား ငွေကြေး၊ ဆေးဝါးများဖြင့် ပူဇော်ပွဲကို သိမ်ကြီးဈေး မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၈ရက်က ကျင်းပသည်။ ၂၀၀၇ခုနှစ် ဘွဲ့ထူး ဂုဏ်ထူးရ ပုဂ္ဂိုလ် လေးဦး၊ ဂုဏ်ထူးတစ်ဘာသာမှ ခြောက်ဘာသာရရှိကြသည့်ရန်ကုန်မြို့မှ အသင်း သားများ၏သား၊သမီး ခုနစ်ဦး၊ ဒိုက်ဦးမြို့မှ သုံးဦးတို့အား ဂုဏ်ပြုပြီး အထက်တန်းပညာကို ဆက်လက်ဆည်းပူးရာ၌ ငွေကြေး လိုအပ်မှုရှိသော ကျောင်းသား၊ကျောင်းသူတို့အားအလှူရှင်များက ထောက်ပံ့ ချီးမြှင့်ခဲ့သည်။

၎င်းနောက် ၂၀၀၇ခုနှစ် ဥက္ကဋ္ဌသစ်ဖြစ်သူ ဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း(ငြိမ်း)က အမှာစကားပြောကြားသည်။ (က–ပ)

ဟောင်ကောင်မှ အလှူရှင်များက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၁၃၅၀၀ တန်ဖိုးရှိ ဆေးရုံသုံး စက်ကိရိယာပစ္စည်းများ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးပိုလေးတို့ လက်ခံယူကြစဉ်။ (က–ပ)

သန့်ရှင်းသော သောက်သုံးရေ

ဒေါက်တာဒေါ်မြသန်း
(တက္ကသိုလ်ဆေးရုံ)

၅-၉-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး (၁၂)ကြိမ်မြောက်အတွက် အလှူငွေများ လှူဒါန်းသော သတင်းကိုဖတ်ရင်း ပီတိသောမနသစိတ်ဖြင့် သာဓုခေါ်မိပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုနည်းတူ နယ်စပ်ဒေသတိုင်းရင်းသားများအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၈၉ ခုနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အထင်အရှားမြင်တွေ့နေရပေသည်။

ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် မြန်မာပြည်အနှံ့ ကျေးလက်မကျန် ဖွံ့ဖြိုးတိုးတက်နေပုံများကို နေ့စဉ်အထင်အရှားတွေ့ရှိနေရပါသည်။ သို့သော်လည်း ယနေ့ ကမ္ဘာကြီးတွင်မူ ကမ္ဘာကြီးပူနွေး၍ ဖန်လုံအိမ်ထဲရောက်နေမှု၊ ရာသီဥတုဖောက်ပြန်ပြီး မိုးများမှု၊ ရေကြီးမှု၊ ဆူနာမီ၊ ဟာရီကိန်း၊ဆိုက်ကလုန်း၊တိုနေးဒိုးမုန်တိုင်းတိုက်ခတ်မှု၊ တောမီးလောင်မှု၊ မီးတောင်ပေါက်ကွဲမှု၊ အပူလှိုင်းကျရောက်မှု၊ ငလျင်ပြင်းစွာလှုပ်မှုတို့ကြောင့် ထိခိုက်သေကျေပျက်စီးမှုတို့ကို အမျိုးမျိုးတွေ့မြင်ကြားသိနေရသည်။ ထို့အတူ ကားမှောက်၊ ဗုံးပေါက်၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လေယာဉ်ပျက်၊ မီးရထားမှောက်ခြင်း၊ ကပ်ရောဂါ၊ ဆား (SARS)၊ ကြက်ငှက်တုပ်ကွေး(H_5N_1) စသည့် ကပ်ရောဂါများကြောင့် သေကျေပျက်စီးခြင်းသတင်းများကိုလည်း ဖတ်ရှုနေရပေသည်။

မြန်မာနိုင်ငံသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် သဘာဝကပေးထားသော ရေ၊ မြေ၊ တောတောင်၊ ရာသီဥတု၊ တည်နေရာအနေအထား တို့ကြောင့် အခြားတိုင်းပြည်များထက် ကံကောင်းသည်ဟုဆိုရပေမည်။ အခြားသော နိုင်ငံများတွင် ရေကြီး၊ မိုးခေါင်ခြင်းများကို မြင်တွေ့နေရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့အကြီးအကဲများ၏ အမြော်အမြင်ကြီးမားမှုကြောင့် ဆည်များ၊ ရေလှောင်တမံ၊ မြစ်ရေတင်စီမံကိန်းနှင့် ရေကောင်းရေသန့်အတွက် စက်ရေတွင်းများကို ကျေးလက်ဒေသများပါမကျန်ဆောင်ရွက်ပေးနေသည်။ ဒေသစိမ်းလန်းစိုပြည်ပြီး သောက်ရေသောက်သုံးရေ လုံလောက်စွာရရှိနေပါပြီ။ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း(၅)ရပ် ချမှတ်၍ ဆောင်ရွက်နေရာ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ပြည်နယ်နှင့်တိုင်း (၁၄)ခု၊ ကျေးရွာပေါင်း ၂၃၂၂၅အနက် ၁၆၂၆၆တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိနေကြပါပြီ။

ရေ၏အသက် တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်ဆိုသည့် အတိုင်း ရေသည် လူသားတို့ အသက်ရှင်နိုင်ရေးနှင့် ကျန်းမာရေးအတွက် ဆေးတစ်ခွက် ဖြစ်ပါသည်။ ရေသည် လူသားသတ္တဝါများအတွက် သောက်သုံးရေ၊ ဝမ်းစာအတွက် စိုက်ပျိုးရေ၊ စက်ရုံအလုပ်ရုံအတွက် သုံးရေအပြင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သန့်ရှင်းသော ယင်လုံအိမ်သာ၊ အေးမြသော အရိပ်အာဝါသနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် မရှိမဖြစ် အဓိကဖြစ်ပေသည်။

ယခင်က မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် ရေရှားပါးသည့် ဒုက္ခကြောင့် "ရွှေကိုမလို ရေသာလိုသည်"ဟူ၍ တောင့်တခဲ့ကြသည်။ **ယခုအခါ တစ်နိုင်ငံလုံး စိမ်းရောင်စိုသော လယ်ကွင်း၊ သီးနှံစိုက်ခင်း၊ အေးမြသောအရိပ်အာဝါသနှင့် ရောင်စုံဖူးပွင့်သော ပန်းမာလာတို့ ဖူးပွင့်ဝေဆာနေသော ပြည်မြန်မာ ဖြစ်နေပါပြီ။ စက်ရေတွင်းများ၊ ရေလှောင်တမံ၊ ဆည်မြောင်း၊ မြစ်ရေတင်စီမံကိန်းများဖြင့် ကျေးရွာအရောက် သန့်ရှင်းသောရေများ ရောက်ရှိပြီဖြစ်ပါသည်။ ခရီးသွားပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားအတွက်လည်း စိတ်ကြည်နူးစေသော မြင်ကွင်းများ ဖြစ်စေပါသည်။**

ရေ၏အကျိုးပြုမှုကြောင့် ကူးစက်ရောဂါဖြစ်သော မျက်ခမ်းစပ်ရောဂါ၊ အနာကြီးရောဂါများ ကင်းစင်၍ ဝမ်းနှင့်ပတ်သက်သော ကပ်ရောဂါများလည်း ကင်းစင်ကာ လူသားတို့၏ စားဝတ်နေရေး၊ စီးပွားရေးများဖွံ့ဖြိုးနေသည်ကို အထင်အရှားမြင်တွေ့ရပေသည်။ ရေရှားပါး၍ ဝေးလံစွာသွားရောက်ခပ်ရသောဒုက္ခမှ ကင်းဝေးပြီး သန့်လေးသန့် စီမံချက်ဖြစ်သော (၁)ရေကောင်း ရေသန့်သောက်သုံးရေရရှိရေး၊ (၂)တစ်ကိုယ်ရေသန့်ရှင်းရေး (လက်အပါအဝင်)၊ (၃)အစားအစာသန့်ရှင်းရေး၊ (၄)သန့်ရှင်းသော ယင်လုံအိမ်သာ တည်ဆောက်ရေးတို့ကို ဆောင်ရွက်နေပါပြီ။ ထို့ပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ အရိပ်ရအပင်များစိုက်ပျိုးရေးပါဖြည့်စွက်၍ သန့်ငါးသန့်ကို လက်တွေ့လုပ်ဆောင်လျက်ရှိရာ ရေကောင်းရေသန့်သည် အဓိကအကျဆုံး ဖြစ်ပါသည်။ အားလုံးအောင်မြင်စွာဖော်ဆောင်နိုင်မည်ဆိုလျှင် ကျန်းမာပျော်ရွှင်သောဘဝ (Healthy Life Style) ကို ရရှိပေမည်။

> **ယခုအခါ တစ်နိုင်ငံလုံး စိမ်းရောင်စိုသော လယ်ကွင်း၊ သီးနှံ စိုက်ခင်း၊ အေးမြသော အရိပ်အာဝါသနှင့် ရောင်စုံဖူးပွင့်သော ပန်းမာလာတို့ ဖူးပွင့်ဝေဆာနေသော ပြည်မြန်မာ ဖြစ်နေပါပြီ။ စက်ရေတွင်းများ၊ ရေလှောင်တမံ၊ ဆည်မြောင်း၊ မြစ်ရေတင်စီမံကိန်းများဖြင့် ကျေးရွာ အရောက် သန့်ရှင်းသော ရေများ ရောက်ရှိပြီဖြစ်ပါသည်။ ခရီးသွား ပြည်သူများနှင့် ကမ္ဘာလှည့် ခရီးသွားအတွက်လည်း စိတ်ကြည်နူးစေ သော မြင်ကွင်းများ ဖြစ်စေပါသည်။**

သန့်ရှင်းသော သောက်သုံးရေဆိုသည်မှာ အနည်အမှုန် ကင်းစင်ခြင်း၊ အရောင်အဆင်းအနံ့အရသာ ကင်းစင်ခြင်း၊ ရေစေးခြင်း မရှိစေခြင်း၊ ကျန်းမာရေးထိခိုက်စေသော ပိုးမွှား၊ မျက်စိဖြင့် မမြင်နိုင်သော ပိုးမွှားများပါ ကင်းစင်ခြင်း၊ ဓာတ်သတ္တု (Chemicals and Heavy metals) ဥပမာ-ခဲ၊ အာဆင်းနစ်၊ ပြဒါး၊ သံ၊ ထုံးဓာတ်၊ နိုက်ထရိတ် ဓာတ်များ ကင်းစင်ခြင်းတို့ရှိရမည်။

သောက်သုံးရေ မသန့်ရှင်းပါက-

ဝမ်းရောဂါ၊ တိုက်ဖွိုက် ခေါ် အူရောင်ငန်းဖျား၊ ဝမ်းကိုက်ရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊အသည်းရောင် အသားဝါ၊ အကြောသေ သူငယ်နာရောဂါ၊ သန်ကောင်၊ တုတ်ကောင်၊ ပွေး၊ ညှင်း၊ ဝဲနှင်းခူ၊ အရေပြားယားနာများ၊ မျက်ခမ်းစပ်၊ မျက်စိနာရောဂါ၊ အနာကြီးရောဂါများ ဖြစ်ပွားစေပါသည်။

သန့်ရှင်းသောသောက်သုံးရေရရှိရန်-

(၁) ရေကိုသိုလှောင်၍ အနည်ထိုင်စေခြင်းဖြင့် Heavy Metalနှင့် အနည်အနှစ်များ အောက်ခြေတွင်စု၍ ရေစစ်ခံ၍လည်းကောင်း၊ သဲအိုးဖြင့်လည်းကောင်း သောက်သုံးခြင်း၊

(၂) ကျောက်ချဉ်ငါးကျပ်သားကို ရေတစ်စည်တွင်ခတ်၍သောက်ခြင်း၊

(၃) ရေလှောင်အိုးများကို နေရောင်ပြ၍ထားခြင်း၊

(၄) နောက်ကျိရေကို ရေကြည်စေ့ (သို့) မြေပဲဆံ၊ ဒန့်သလွန်စေ့ ခြောက်မှုန့်ဖြင့် အိုးတွင် နံရံကိုပွတ်တိုက်ထားခြင်း၊

(၅) ရေစစ်ခြင်း၊ သဲရေစစ်အိုးဖြင့် ခံသောက်ခြင်း၊

(၆) ကလိုရင်းဆေးပြား အချိုးအစားတိုင်းခတ်ခြင်း၊

(၇) ရေကို ပွက်ပွက်ဆူအောင် ကျိုချက်သောက်သုံးခြင်းကို ဆောင်ရွက်ရပါမည်။

ထို့ပြင် ရေကောင်းရေသန့်ရရှိရန် အဝီစိတွင်း၊ ရေတွင်းရေကန်များ၊ သိုလှောင်ကန်များကို စနစ်တကျတူးမှသာ ရေညစ်ညမ်းခြင်း အန္တရာယ်ကင်းစင်သော ရေကောင်းရေသန့်များ ရရှိမည်ဖြစ်သည်။

ရေကိုစနစ်တကျသုံးစွဲတတ်ဖို့လိုသည်။ ရေကိုဖြုန်းတီးခြင်းမပြုဘဲ လိုအပ်သလောက် ချွေတာသုံးစွဲခြင်း၊ သန့်ရှင်းရေး၊ စက်ကိရိယာများကြာရှည်စွာကြံ့ခိုင်ရေးကို သတိမူအလေးထားပါမှ နောင်အရှည် အကျိုးရှိမည်ဖြစ်ပါသည်။ ရေဘုံပိုင်ခေါင်းများကို အလဟဿဖွင့်၍ ရေများအလေအလွင့်ဖြစ်စေသော အမူအကျင့်များကို ပြုပြင်သင့်ပါသည်။ ရေကိုဖြုန်းတီးပါက ရေဘူးနှင့်ဖိနပ်မပါ နွေခါမှသိ ဆိုသကဲ့သို့ ရေရှားသည့် ဒုက္ခကို ကိုယ်တိုင်ခံစားရမည်ဖြစ်ပါသည်။ အသိတရားနှင့် ဆင်ခြင်၍ အပြုအမူ အကျင့်ကောင်းများဖြင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းပါမှ တစ်နိုင်ငံလုံး အေးချမ်းသာယာ၍ ကူးစက်ရောဂါဘေးမှကင်းဝေးပြီး ကျန်းမာကြံ့ခိုင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်၏ စေတနာ၊ အလှူရှင်များ၏ သဒ္ဓါတရားနှင့်အညီ ရေကိုအကျိုးရှိစွာသုံးစွဲနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်း မင်းကွန်းဓမ္မရောင်ခြည်စာသင်တိုက် နှစ်ထပ်ဆွမ်းစားဆောင်အတွက် မ,တည် အလှူရှင် ဦးသိန်း-ဒေါ်ဝင်းကြည် မိသားစု (၇)ရပ်ကွက် သစ္စာလမ်းမကြီး တောင်ဥက္ကလာပမြို့နယ် (ကုံကော်အထည်ဆိုင်) မင်္ဂလာဈေးက ဆရာတော် ဘဒ္ဒန္တ အတုလ (သာသနဓဇ ဓမ္မာစရိယ ဝိနယဓရ ဝိနယဝိဒူ ဥဘတောဝိဘင်္ဂကောဝိဒ)ထံ ကျပ် သိန်း ၅၀ ဆက်ကပ်လှူဒါန်းစဉ်။ (၅၃၂)

ဆုချီးမြှင့်

သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်ကကျင်းပရာ စတုတ္ထတန်း ထူးချွန်ဆုရကျောင်းသူ မအိဆွေမြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမေခင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

လှူဒါန်း

လှိုင်မြို့နယ် (၁၀)ရပ်ကွက် ရတနာသိဃ်ံ ပရိယတ္တိစာသင်တိုက် တိုးချဲ့မြေဝယ်ရန် မိဘများနှင့် ကွယ်လွန်သူ ဇနီး ဒေါ်ခင်သိန်းဝင်းအား ရည်စူး၍ လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်စီကုန်းလမ်းနေ ဦးအုန်းကြွယ်နှင့် သားသမီးမြေး၊မြစ်မိသားစုက ရတနာသိဃ်ံ ပရိယတ္တိစာသင်တိုက် ဦးစီးနာယကဆရာတော် ဘဒ္ဒန္တ နေမိန္ဒာဘိသိရီ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်ထံ ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းစဉ်။ (က-ပ)

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ကားဗုံးနှစ်လုံးပေါက်ကွဲ ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ

ကယ်ကွတ် ဖေဖော်ဝါရီ ၁၈

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် စနေနေ့က ကားဗုံးနှစ်လုံးပေါက်ကွဲမှု ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၄၈ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ကယ်ကွတ်မြို့ရှိ ရာဟီဗာဝါ ရပ်ကွက်တွင် ကားဂိုဒေါင်တစ်လုံး အတွင်းရှိ ကားနှစ်စီးပေါ်၌ ဗုံးထောင်ထားခဲ့ခြင်းဖြစ်ပြီး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း ရဲအုပ်ကြီးအိုင်မက်ဂျေစင်က ပြောသည်။ ကယ်ကွတ်မြို့သည် အီရတ်နိုင်ငံ၏ ရေနံမြေတည်ရှိရာ မြို့တစ်မြို့ဖြစ်သည်။

ကယ်ကွတ်မြို့ရှိ ရာဟီဗာဝါ ရပ်ကွက်သည် အခြားရပ်ကွက်များထက် လုံခြုံရေးပိုမိုကောင်းမွန်သည်ဟု သတ်မှတ်ခံထားရသော်လည်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြို့တော်ဘဂ္ဂဒက်တွင်လည်း စနေနေ့က လမ်းဘေးဗုံး ပေါက်ကွဲခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ကင်းလှည့်လာသော ရဲတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အင်တာနက်။

ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်လေးခု၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား ဗုံး ၂၉ လုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရ

ဗန်ကောက် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၊ နာရီသီဝပ်ပြည်နယ်၊ ပတ္တာနီပြည်နယ်နှင့် ဆောင်လော ပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၈ ရက် ညနှင့် ယနေ့ နံနက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားရာ လူခုနစ်ဦး သေဆုံးပြီး ၅၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံ တာဝန်ရှိသူများက ပြောကြားသည်။

ထိုင်းနိုင်ငံအတွင်း ဗုံးခွဲတိုက်ခိုက်မှုသည် ယခုနှစ် နှစ်သစ်ကူးကာလ၌ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ယမန်ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ကလည်း ဗန်ကောက်မြို့၌ဗုံးရှစ်လုံး ဆက်တိုက်ဖောက်ခွဲ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ အဆိုပါပြည်နယ်လေးခု၌ ယမန်နေ့ည ၇ နာရီကျော် ၈နာရီမှစ၍ ဗုံး ၂၉လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပစ်မှတ်ထား ဖောက်ခွဲတိုက်ခိုက်သည့် နေရာများမှာ ကာရာအိုကေဆိုင်များ၊ ဟိုတယ်များ၊ ကျောင်းများ၊ ဓာတ်ဆီဆိုင်များနှင့် လျှပ်စစ်ဓာတ်အားပေးလိုင်းများဖြစ်ကြောင်း ထိုင်းကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အက်ကာရာထီပရိဘီက ပြောကြားသည်။

ယခုဖြစ်စဉ်များ၌ သေဆုံးသွားသူခြောက်ဦးအနက် သုံးဦးမှာ ပတ္တာနီပြည်နယ်၌ ဖောက်ခွဲမှုနှင့်အတူ သေနတ်ဖြင့်ပစ်သတ်ခြင်းခံရခြင်းဖြစ်ကြောင်း၊ နောက်တစ်ဦးမှာ နာရီသီဝပ်ပြည်နယ်၌ ဖောက်ခွဲမှုနှင့်အတူ ပစ်သတ်ခံရခြင်းဖြစ်ကြောင်း၊ ကျန်နှစ်ဦးမှာ ကမ္ဘာလှည့်ခရီးသည်များစည်ကားရာ ဘီတောင်းမြို့ ကာရာအိုကေဆိုင်တစ်ဆိုင်၌ ဗုံးပေါက်ကွဲစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၀ အနက် လေးဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၉ရက်(ယနေ့)နံနက်ပိုင်းအထိ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း၊ ယာလာပြည်နယ်ရှိ မိမိ၏အိမ်အနီးတွင် လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် ထိုင်းကြည်းတပ်မှ ဗိုလ်မှူးတစ်ဦးသေဆုံးပြီး ခုနစ်နှစ်အရွယ် ကလေးတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ထိုင်းရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

နာရီသီဝပ်ပြည်နယ် ရူဆိုးခရိုင်၌လည်း ဖေဖော်ဝါရီ ၁၉ ရက် (ယနေ့)နံနက်ပိုင်းတွင် ဘူတာရုံအတွင်း ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် အနီးတွင် လုံခြုံရေးဆောင်ရွက်နေသော ရဲအရာရှိသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

လွန်ခဲ့သည့် ၂၀၀၄ ခုနှစ်မှစပြီး ထိုင်းနိုင်ငံတောင်ပိုင်းရှိ အဆိုပါပြည်နယ်လေးခုတွင် ဆူပူအကြမ်းဖက်မှုများ၊ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် လူ ၂၀၀၀ ကျော်အထိ သေဆုံးခဲ့ရကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊အေပီ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် မီးလောင်နေသည့် ကားတစ်စီးအား မီးငြိမ်းသတ်နေသည်ကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖင်လန်သို့ ... [see below]

ဒိန်းမတ်သို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုမြင့်တက်

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၁၈

တန်ဇန်းနီးယားနိုင်ငံ ဇန်ဇီဘာကျွန်းသို့ ဇန်နဝါရီလတွင် လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် ဦးရေမှာ ၁၄၀၀၀ ကျော်ရှိကြောင်း၊ ယင်းမှာ ကမ္ဘာလှည့်ခရီးသည်များလာရောက်မှု အများဆုံးဦးရေဖြစ်ကြောင်းဒေသဆိုင်ရာ သတင်းများက ကြာသပတေးနေ့တွင်ဖော်ပြသည်။

ယင်းစာရင်းဇယားကို ဇန်ဇီဘာခရီးသွားလုပ်ငန်းဌာန အတွင်းရေးမှူးချုပ် ဗူအီအမ်ဝီညီက ပြောကြားခဲ့ခြင်း ဖြစ်သည်။ ၂၀၀၆ခုနှစ်တွင် ဇန်ဇီဘာသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် ဦးရေမှာ ၁၂၅၄၄၃ ရှိပြီး၊ ၂၀၀၅ခုနှစ်တွင် ၉၂၁၆၀ မျှသာရှိခဲ့သည်။

ဆွဲဆောင်

၂၀၀၅ခုနှစ် ဇူလိုင်မှ ၂၀၀၆ခုနှစ် ဒီဇင်ဘာအထိ ၁၈လတာ ကာလအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍတိုးတက်နှုန်းမှာ ၃၆ရာခိုင်နှုန်းရှိခဲ့သည်။ ဇန်ဇီဘာကျွန်းရှိ သဲသောင်ဖြူ ကမ်းခြေများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် ဗိသုကာလက်ရာများက ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိသည်။

ကြိုးပမ်း

၂၀၀၆ခုနှစ်တွင် ဇန်ဇီဘာကျွန်းသို့ အများဆုံးလာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များမှာ အီတလီ၊ ဗြိတိန်၊ တောင်အာဖရိက၊အမေရိကန်၊ ကနေဒါနှင့် စကင်ဒီနေးဗီးယားနိုင်ငံတို့ဖြစ်ကြသည်။ တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့ကဲ့သို့သော အာရှနိုင်ငံများမှ ကမ္ဘာလှည့် ခရီးသည်များကိုလည်း ဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။



တောင်ကိုရီးယားနိုင်ငံ ဘူယောင်မြို့ရှိ ဒေဝူးမော်တော်ကားစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိခဲ့ကြောင်း အထောက်အထားတွေ့ရှိဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အင်္ဂါဂြိုဟ်သို့ ရောက်ရှိသွားသည့် အာကာသယာဉ်မှပေးပို့သော သတင်းအချက်အလက် အထောက်အထားများအရ ထိုဂြိုဟ်ပေါ်တွင် တစ်ချိန်က ရေသို့မဟုတ် အရည်တစ်မျိုးမျိုးစီးဆင်းခဲ့သည့် လက္ခဏာများကို တွေ့ရကြောင်း ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ပြန်သည့် နာဆာ အာကာသလေ့လာရေးစာတမ်း၌ ဖော်ပြထားသည်။

အင်္ဂါဂြိုဟ်ပေါ်သို့ ရောက်ရှိသွားသော ယာဉ်မှာ ဟီရစ်အမည်ရှိ အာကာသယာဉ်ဖြစ်သည်။ ထိုယာဉ် ပေါ်ရှိ ကင်မရာမှ ပေးပို့သော ရောင်စုံဓာတ်ပုံများအရ ယင်းဂြိုဟ်ပေါ်တွင် ရေတိုက်စားထားသော နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးများနှင့် သဲသောင်ခုံများ ရှိသည်ကို တွေ့ရသည်။

အင်္ဂါဂြိုဟ်၌ တွေ့ရသော ချောက်ကြီးများသည် အမေရိကန်နိုင်ငံရှိ ဂရင်းကင်ညွန်ခေါ် ချောက်ကမ်းပါးကြီးထက်ပင် ခြောက်ဆ၊ ခုနစ်ဆမျှ ပို၍ နက်ရှိုင်းသည်ဟု ဆိုသည်။ ဤအချက်သာ မှန်ကန်ပါက အင်္ဂါဂြိုဟ်ပေါ်ရှိ လျှိုကြီးများသည် နေစကြဝဠာအတွင်း ရှိ ဂြိုဟ်အားလုံးပေါ်မှ ချောက်ကြီးများ အားလုံးထက်ပင် ပို၍ နက်ရှိုင်းကြောင်း တွေ့ရသည်။

အင်္ဂါဂြိုဟ်ပေါ်တွင် တစ်ချိန်က စီးဆင်းနေသော ရေများသည် ရေဖြစ်နိုင်သကဲ့သို့ ကာဗွန်ဒိုင်အောက်ဆိုဒ်အရည်များလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ထိုနှစ်မျိုးရောနှော နေသော အရည်များလည်း ဖြစ်နိုင်သည်ဟု ဆိုသည်။ အထက်ဖော်ပြပါ သတင်းအချက်အလက်များနှင့် သက်ဆိုင်သော သိပ္ပံဆောင်းပါးကို ပညာရှင် ခရစ်အိချ်အိုကိုဘိုက သိပ္ပံဂျာနယ်သတင်းတွင် ရေးသားဖော်ပြထားသည်။***အင်တာနက်။***

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရထားတစ်စင်းပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ခရီးသည် ၆၆ဦးထက်မနည်းသေဆုံး၊ ၁၂၀ကျော်ဒဏ်ရာရရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာရာနာပြည်နယ်တွင် ယမန်နေ့ နံနက် ၁နာရီ မိနစ် ၅၀ က ခရီးသည်တင်အမြန်ရထားတစ်စင်းပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူ ၆၆ဦးထက်မနည်းသေဆုံးပြီး ၁၂၀ကျော် ဒဏ်ရာရရှိသွားကြောင်း နယူးဒေလီ တီဗွီသတင်းကဖော်ပြသည်။

အဆိုပါရထားသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့ ခုတ်မောင်းလာစဉ် ဟာရာနာပြည်နယ် ပါနီပက်မြို့အနီးအရောက်တွင် ရထားပေါ်၌ ဗုံးနှစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် ရထားပေါ်၌ မပေါက်ကွဲသေးသော ဗုံးနှစ်လုံးကိုလည်း ရှာဖွေတွေ့ရှိရကြောင်းသိရသည်။

ဒဏ်ရာရရှိသူများအနက်မှ သေဆုံးမှုများဖြစ်လာနိုင်သဖြင့် သေဆုံးသူအရေအတွက် တိုးမြင့်လာဖွယ်ရှိကြောင်း၊ ယင်းဗုံးဖောက်ခွဲမှုသည် အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဆာဂျာရာဘာရူးက ပြောကြားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အင်တာနက်။

ဖေဖော်ဝါရီ ၁၈ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမှ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့ ခုတ်မောင်းလာသည့် ရထားပေါ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျာမနီနိုင်ငံ၌ ကျင်းပသည့် (၅၇)ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော်တွင် "Yella" ရုပ်ရှင်ကားဖြင့် အကောင်းဆုံး မင်းသမီးဆုရသူ ဂျာမန်ရုပ်ရှင်မင်းသမီး နီနာဟော့စ်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

(၅၇) ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော်ကျင်းပ တရုတ်လူမျိုးဒါရိုက်တာ ရွှေဝက်ဝံဆု ဆွတ်ခူး

ဘာလင် ဖေဖော်ဝါရီ ၁၈

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသည့် (၅၇) ကြိမ်မြောက် ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ အမြင့်ဆုံးဆုဖြစ်သည့် ရွှေဝက်ဝံဆုကို တရုတ်လူမျိုးရုပ်ရှင်ဒါရိုက်တာ ဝန်ကျူယန်း၏ "Tuya's Marriage" ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ရွှေဝက်ဝံဆုအတွက် အမည်စာရင်းတင်သွင်းခံရသော ရုပ်ရှင် ဇာတ်ကား ၂၂ ကားအနက်မှ ရွေးချယ်ခံရခြင်းဖြစ်သည်။ ဇာတ်ညွှန်ရေးဆရာ ပေါလ်ရှာရာဒါဦးဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးပါ ဂျူရီအဖွဲ့က ရွှေဝက်ဝံဆုရရှိသော ဇာတ်ကားကို ရွေးချယ်ပေးခဲ့သည်။

"Tuya's Marriage" ရုပ်ရှင်ဇာတ်ကား၏ ခေါင်းဆောင်မင်းသမီးမှာ နန်းယုဖြစ်သည်။ နန်းယုသည် ယင်းဇာတ်ကားတွင် တူယာအမည်ရှိ အမျိုးသမီးအဖြစ် သရုပ်ဆောင်ခဲ့သည်။

တူယာသည် အတွင်းမွန်ဂိုလီးယားဒေသမှ တိရစ္ဆာန် ထိန်းကျောင်းသူ အမျိုးသမီးဖြစ်ပြီး တရုတ်နိုင်ငံ၌ စက်မှုလုပ်ငန်းများ တိုးချဲ့လာချိန်တွင် မြို့တက်လာခဲ့သည်။

တူယာသည် နာမကျန်းဖြစ်နေသော ခင်ပွန်းသည်၊ ကလေးနှစ်ဦးတို့နှင့် ခက်ခက်ခဲခဲ ရုန်းကန်ရပုံကို ဇာတ်လမ်းဆင်ထားသော ဇာတ်ကားဖြစ်သည်။

အမြင့်ဆုံးဆု

ဘာလင်ရုပ်ရှင်ပွဲတော်တွင် တရုတ်နိုင်ငံက ရုပ်ရှင်ဇာတ်ကားနှစ်ကား ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် ယင်းဇာတ်ကားဖြင့် အမြင့်ဆုံးဆုကို ရရှိခဲ့သည်။

ဘာလင် ရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို အာဂျင်တီးနားနိုင်ငံမှ ရုပ်ရှင်မင်းသား ဂျူလီယိုချာဗက်ဇ်က ရရှိသည်။ ၎င်းသည် "The Other" ဇာတ်ကားဖြင့် ဆုရရှိခြင်းဖြစ်သည်။ ယင်းဇာတ်ကား၏ ဒါရိုက်တာ အာရီယယ် ရော်တာမှာမူ ဂျူရီဂရင်းပရီဆုတံဆိပ်ကို ဆွတ်ခူးရယူနိုင်သည်။

"Yella" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို ဂျာမနီနိုင်ငံမှ မင်းသမီး နီနာဟော့စ်က ရရှိသည်။

အကောင်းဆုံး ဒါရိုက်တာဆု

အမေရိကန်ဇာတိဖွား အစ္စရေးလူမျိုး ဒါရိုက်တာဂျိုးဆက်ဆီဒါမှာ "Beaufort' ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုကို ရရှိခဲ့သည်။

အင်တာနက်။

ဂျာမနီနိုင်ငံ ဘာလင်မြို့ ရုပ်ရှင်ပွဲတော်သို့တက်ရောက်လာသူမင်းသမီး နန်းယုအား ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျာမနီ နိုင်ငံ ဘာလင် ရုပ်ရှင်ပွဲတော်၌ "The Other" ဇာတ်ကားဖြင့် ဒါရိုက်တာဆုရရှိ သွားသူ အာဂျင်တီးနား နိုင်ငံသား အာရီယယ် ရော်တာကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကယ်လီဖိုးနီးယားတွင် ဘိန်းဖြူများစံချိန်တင်ဖမ်းမိ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၈

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဘိန်းဖြူ ၁၂၁ ပေါင် သိမ်းဆည်းရမိကြောင်း၊ ယင်းပြည်နယ်တွင် ဖမ်းဆီးရမိသော ဘိန်းဖြူပမာဏမှာ စံချိန်တင်ကြောင်း နယ်စပ်ဒေသအကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အမေရိကန်-မက္ကဆီကို နယ်စပ်ဒေသမှ ဝင်ရောက်လာသော ဟွန်ဒါကားတစ်စီးကို နောက်ယောင်ခံလိုက်ကာ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အင်နာဟိန်းမြို့တွင် ယင်းကားဆိုက်ရောက်သွားသည့် နေအိမ်မှ ဘိန်းဖြူ ၁၂၁ ပေါင်ကို သိမ်းဆည်းနိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ဆောင်းရာသီကုန်ဆုံးသည့် အထိမ်းအမှတ်ပွဲတော်တွင် ပြည်သူများ ပါဝင်ဆင်နွှဲနေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မက္ကဆီကိုတွင် ရာဇဝတ်ပြစ်မှု တိုးမြှင့်တိုက်ဖျက်မည်

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၈

မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးသယ်ဆောင်မှုနှင့် ဒုစရိုက်ဂိုဏ်းကြီးများ၏ ရာဇဝတ်ပြစ်မှုများကို တိုးမြှင့်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း သမ္မတဖီးလစ်ကယ်ဒရွန်းက စနေနေ့တွင် ပြောကြားသည်။

ဒုစရိုက်ဂိုဏ်းများက ပြစ်မှုကျူးလွန်မှုများကြောင့် မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ ထိခိုက်ရကြောင်း သမ္မတကယ်ဒရွန်းက တယ်လက်ကာလာပြည်နယ်တွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများအား ပြောကြားသည်။

ဒုစရိုက်မှုခင်း များပြားခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း၊ နိုင်ငံ၏ လုံခြုံရေးကောင်းမွန်ရန် လိုအပ်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လူ့အခွင့်အရေးချိုးဖောက်မှု လေ့လာမည့် ဥရောပစုံစမ်းစစ်ဆေးရေးမှူး ဂွမ်တာနာမို အကျဉ်းစခန်းသို့ ဝင်ရောက်လေ့လာခွင့်မရ

ပါရီ ဖေဖော်ဝါရီ ၁၈

ဂွမ်တာနာမို ပင်လယ်အော်ရှိ အမေရိကန်အကျဉ်းစခန်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ဝင်ရောက်လေ့လာခွင့်ရရှိရန် ဥရောပစုံစမ်းစစ်ဆေးရေးမှူးတစ်ဦး၏ မေတ္တာရပ်ခံချက်ကို အမေရိကန်အစိုးရက ငြင်းပယ်လိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဥရောပကောင်စီမှ စုံစမ်းစစ်ဆေးရေးမှူး ဒစ်မာတီသည် အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)က အကျဉ်းသားများ၏ အခွင့်အရေးချိုးဖောက်ခံရမှုများကို စုံစမ်းလေ့လာနေသူဖြစ်သည်။ ၎င်းသည် ကုလသမဂ္ဂ အထူးအရာရှိတစ်ဦးဖြစ်သူ မန်းဖရက်နော်ဝပ်နှင့်အတူ ဂွမ်တာနာမို အကျဉ်းစခန်းသို့ ဝင်ရောက်ခွင့်ရရှိရန် အမေရိကန်အစိုးရကို မေတ္တာရပ်ခံခဲ့သည်။

ဂွမ်တာနာမိုအကျဉ်းစခန်းရှိ အကျဉ်းသားအချို့သည် ဥရောပတွင် စီအိုင်အေက တိတ်တဆိတ် ဖွင့်လှစ်ထားသော အကျဉ်းစခန်းများတွင် နေထိုင်ခဲ့ရသူများဖြစ်သည်ဆိုသော သတင်းများနှင့် ပတ်သက်၍ ဒစ်မာတီနှင့် နော်ဝပ်တို့က စုံစမ်းစစ်ဆေးရန်လိုလားသည်။ သို့ရာတွင် ဂွမ်တာနာမို အကျဉ်းစခန်းရှိ အကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းခွင့်မပြုနိုင်ဟု အမေရိကန်အစိုးရက တုံ့ပြန်ကြောင်း ဥရောပကောင်စီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ စီအိုင်အေသည် အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများကို ဖမ်းဆီးကာ အမေရိကန်နိုင်ငံသို့ ၎င်းတို့ကို ခေါ်ဆောင်ခြင်းမပြုမီ ဥရောပနိုင်ငံအချို့တွင် လျှို့ဝှက်စွာဖွင့်လှစ်ထားသည့် အကျဉ်းစခန်းများ၌ ထိန်းသိမ်းထားခဲ့သည်ဟု ဥရောပကောင်စီ၏ လူ့အခွင့်အရေးအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေး ရောဂါဖြင့် အီဂျစ်အမျိုးသမီးတစ်ဦး သေဆုံး

ကိုင်ရို ဖေဖော်ဝါရီ ၁၈

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ဆေးရုံတစ်ရုံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အသက် (၃၇)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသေဆုံးကြောင်း၊ အီဂျစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးရသူဦးရေမှာ ၁၃ ဦးအထိ ရှိပြီဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။ အီဂျစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးရသူဦးရေ များပြားရခြင်းမှာ ရောဂါလက္ခဏာရှိသူများနှင့် ပတ်သက်၍ သတင်းပို့ရန် နှောင့်နှေးကြန့်ကြာခြင်းကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ကျွမ်းကျင်သူပညာရှင်တစ်ဦးက ပြောကြားသည်။

အီဂျစ်နိုင်ငံတွင် ဒီဇင်ဘာလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြင့် လူသုံးဦးသေဆုံးခဲ့ရပြီး ရောဂါကူးစက်မှု ဆက်လက်ဖြစ်ပေါ်ခြင်း ရှိ၊ မရှိ ဒဗလျူအိပ်ချ်အိုက လေ့လာလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကွက်တာရှိ တရားရုံးတွင် ဗုံးပေါက်ကွဲ ၁၅ ဦးထက်မနည်း သေဆုံး၊ ၂၅ ဦး ဒဏ်ရာရ

ကွက်တာ ဖေဖော်ဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွက်တာမြို့ရှိ တရားရုံးတစ်ရုံးတွင် စနေနေ့က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၁၅ ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများတွင် တရားသူကြီးတစ်ဦးနှင့် ရှေ့နေခြောက်ဦးပါဝင်ပြီး ၂၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲအရာရှိ ရာမက်နီယာဇီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် မကြာသေးမီကာလမှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်သူများသည် ပါကစ္စတန်နယ်စပ် တောင်ပေါ်တွင် နေထိုင်သည့် တိုင်းရင်းသားအုပ်စုများနှင့် ဆက်နွှယ်မှုရှိကြောင်း၊ ယင်းအုပ်စုများသည် အာဖဂန်နစ္စတန်နိုင်ငံမှ တာလီဘန် ခေါင်းဆောင်များအား ထောက်ခံ အားပေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လှုပ်ရှား

တာလီဘန် ခေါင်းဆောင်များသည် ကွက်တာမြို့ကို ခြေကုပ်ပြုကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေသည်ဟု ယူဆရသည်။

အမ်အင်အေ၊ရိုက်တာ။

အေသင်မြို့တွင် သက်တမ်းနှစ် ၂၅၀၀ရှိ ပွဲကြည့်စင်ရှာဖွေတွေ့ရှိ

အေသင် ဖေဖော်ဝါရီ ၁၈

ဂရိနိုင်ငံ အေသင်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သည့် နေရာတစ်နေရာ၌ သက်တမ်း နှစ်ပေါင်း ၂၅၀၀ ရှိ ရှေးဟောင်းပွဲကြည့်စင် အဆောက်အအုံကို ရှာဖွေတွေ့ရှိရကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အေသင်မြို့ရှိ မီနီဒီရပ်ကွက်တွင် အဆောက်အအုံတစ်လုံးတည်ဆောက်ရန် အုတ်မြစ်နေရာ တူးဖော်ခဲ့ရာမှ ရှေးဟောင်း ရောမ၊ ခေါမလူမျိုးတို့၏ပွဲကြည့်စင် အဆောက်အအုံကို ရှာဖွေတွေ့ရှိခြင်း ဖြစ်ကြောင်း၊ အဆိုပါပွဲကြည့်စင်မှာ အဝိုင်းပုံသဏ္ဌာန် တည်ဆောက်ထားသော အမိုးဖွင့်လဟာပြင် ပြဇာတ်ရုံဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးချုပ်ဗာဆီလို ပူးလော့စ်က ပြောကြားသည်။ ရှာဖွေတွေ့ရှိရသော ပွဲကြည့်စင်မှာ ဘီစီ ၄ ရာစုခေတ် ရှေးဟောင်းပြဇာတ်ရုံဖြစ်ကြောင်း၊ မိမိတို့ ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် လေးကြီးကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကပြုပြင်လှူဒါန်းသည့် သာသနာ့ဝုမိကာရီသိမ်တော်ကြီး ရေစက်ချလှူဒါန်းပွဲသို့ တက်ရောက်၍ ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူကာ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည်နေ့လယ်ပိုင်းတွင် အင်္ဂပူမြို့နယ် တပ်စုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မူလတန်းကျောင်းဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မဲဇာလီကုန်းကျေးရွာ ကြံတောရပ် အခြေခံပညာမူလတန်း ကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်ရန် လိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် ၂၅သိန်း ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တည်ဆောက်နေသော အင်္ဂပူမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ဂွေးကုန်းရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်ဟောင်းပြုပြင်နေမှုနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီးကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ အခြေခံပညာ မူလတန်း ကျောင်းသို့ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်ဆောက်လုပ်သည့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူ-ညောင်ကျိုးလမ်း မမြချောင်းကူး ကညင်တပင် တံတားအသစ် တည်ဆောက်မည့်နေရာသို့ရောက်ရှိပြီး တံတားတည်ဆောက်ရန် ပန္နက်ရိုက်ပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည်နေ့လယ်ပိုင်းတွင် အင်္ဂပူမြို့နယ် ရေလည်ကျွန်းကျေးရွာ ခမွင်းကုန်း အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်ရန် လိုအပ်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မှာကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် နံကပ်ကြီးအခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိရာ ကျောင်းခန်းမ၌ ရပ်မိရပ်ဖများက ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို မှာကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အလှူငွေကျပ် ၁၇သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် ဖြူးဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့် ကျောင်းတိုက်ဓမ္မာရုံကြီးတွင် ဖြူးဓမ္မသဘင်ကျင်းပမည်ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၄ရက်တွင် ဖြူးဆရာတော်၏ တပည့် မြိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက)၊ ဖေဖော်ဝါရီ ၂၅ရက်နှင့်၂၆ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိကဗဟုဇနဟိတဓရ)တို့က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်သံဝေဇနိယ(နေ့)တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်သွေးဆေးကန်အနီး မူလကမ္မဋ္ဌာအေးလေး ကျောင်းတိုက်(မိုးကုတ် သံဝေဇနိယ ဓမ္မပူဇာအဖွဲ့)တွင် မတ်၂ရက်(သောကြာနေ့)မှ ၆ရက် (အင်္ဂါနေ့)အထိ (၁၄)ကြိမ်မြောက် မိုးကုတ်သံဝေဇနိယဓမ္မပူဇာ(နေ့)တရားစခန်းကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏တရားတော်နှင့် လုပ်ငန်းစဉ်များနှင့်အညီ ကျောင်းထိုင် ဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ဆရာတော် ဦးဝိမလနှင့် အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း စာသင်ခုံများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။ (၁၉)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စာသင်ခုံလှူဒါန်းပွဲ တက်ရောက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက် ရောက်၍ စာသင်ခုံများပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ၊ဆရာမကြီးများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ရှေ့ဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စာသင်ခုံများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက်စာသင်ခုံ အစုံ ၅၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးက လက်ခံယူသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ တာမွေမြို့နယ်ရှိ ရပ်ကွက်များမှ ပြည်သူများ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၃၀ စောင်ကို မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေ က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူသည်။

(၁၉)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ ဘုရားဖူးပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ရေလမ်းခရီးစဉ် တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၅ရက်က ဘီအမျိုးအစားရေယာဉ်ဖြစ်သော ဗလရဲကျော်ရေယာဉ် ဘုရားဖူးခရီးသည်များတင်ဆောင်၍ လမ်းမတော်မြို့နယ် လမ်းသစ်ဆိပ်ကမ်းမှ ထွက်ခွာစဉ်။ (ကြေးမုံ)



အင်တာနက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း

ပြည်ပမှ ဓာတုအညစ်အကြေးများစွန့်ပစ်မှုကြောင့် အိုင်ဗရီကို့စ်နိုင်ငံတွင် ဓာတုအဆိပ်သင့်မှုဖြစ်ပွား

အဘစ်ဂျန် ဖေဖော်ဝါရီ ၁၉

အိုင်ဗရီကို့စ်နိုင်ငံ အဘစ်ဂျန်မြို့၌ ဓာတုဗေဒအညစ်အကြေးများကို ၂၀၀၆ခုနှစ် ဩဂုတ်လအတွင်းက လာရောက်စွန့်ပစ် မြှုပ်နှံခဲ့ပြီးနောက် ထိုဒေသအနီး၌သေဆုံးရသူဦးရေမှာ ၁၅ဦးရှိသွားပြီဖြစ်သည်။

အဆိုပါအညစ်အကြေးများကို ထရာဖီဂူရာကုမ္ပဏီက လဟာပြင်ကွင်းနေရာ၌ လာရောက် စွန့်ပစ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းကဆိုသည်။ ထိုအညစ်အကြေးများကြောင့် လူထောင်ပေါင်းများစွာတို့သည် အသက်ရှူရာ၌ အခက်အခဲတွေ့ရခြင်း၊ ငြီးစီစီဖြစ်ခြင်း၊ ပျို့အန်ခြင်းနှင့် ဝမ်းသွားခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်စေသည်ဟုဆိုသည်။

ထရာဖီဂူရာကုမ္ပဏီက ယခုကိစ္စတွင် ယင်းတို့ကအညစ်အကြေးများကို တိုက်ရိုက်စွန့်ပစ်ခြင်း မဟုတ်၍ အပြစ်မရှိကြောင်း ပြောကြားသည်။ အညစ်အကြေးများကိုစွန့်ပစ်ရန် အိုင်ဗရီယန်ကုမ္ပဏီကို ငှားရမ်း ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယခုကိစ္စတွင် ထရာဖီဂူရာကုမ္ပဏီက အိုင်ဗရီကို့စ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ပေးလျော်မည်ဟုဆိုသည်။

လက်ရှိအခြေအနေတွင် စွန့်ပစ်ထားသောအညစ်အကြေးများကို ပြင်သစ်ကျွမ်းကျင်သူများ ပါဝင်သောအဖွဲ့က သိမ်းဆည်းပြီး ပြင်သစ်နိုင်ငံသို့ပို့ကာ သန့်စင်မှုများပြုလုပ်လျက်ရှိကြောင်း သတင်းများက ဖော်ပြသည်။

ထရာဖီဂူရာကုမ္ပဏီကပေးလျော်သည့် ငွေဒေါ်လာသန်း ၂၀၀ကို အညစ်အကြေးများရှင်းလင်း သည့်ကိစ္စ၊ အညစ်အကြေးများကြောင့် ဝေဒနာခံစားရသူများကို ဆေးဝါးကုသပေးခြင်းစသည့်လုပ်ငန်းများ၌ သုံးစွဲမည်ဟု ဆိုသည်။

လျော်ကြေးပေးမည်ဆိုသောသတင်းမထွက်ပေါ်မီအချိန်က ထရာဖီဂူရာကုမ္ပဏီမှ ကိုယ်စားလှယ် နှစ်ဦးကို အိုင်ဗရီကို့စ်အစိုးရက ဖမ်းဆီးထားပြီး တရားမဝင်အညစ်အကြေးစွန့်မှုဖြင့် အရေးယူခဲ့သည်။ သို့ရာတွင် ယခုအခါ ထိုဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။ ***အင်တာနက်။***

ဧရာဝတီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက မအူပင်မြို့နယ် ဝါးတောကျေးရွာ ယာယီရှင်းလင်းဆောင်၌ ဒေသခံတောင်သူများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းက မြို့နယ်၏ မြေယာအသုံးချမှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းစိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမျိုးဝေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နွေစပါးစိုက်ခင်းများအတွင်း တောင်သူများ သဘာဝမြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ဧက ၄၀၀ စပါးစံပြကွက် ရှင်းလင်းဆောင်၌ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများအား တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ နွေစပါးစိုက်ခင်းအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်မှု၊ ရွက်ဖျန်းမြေဩဇာ၊ မှိုသတ်ဆေး ပေါင်းသတ်ဆေးများ ပြသထားမှု၊ ခြံစည်းရိုးကြက်ဆူ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကျိုက်လတ်မြို့ (၅) ရပ်ကွက် (၁၂) လမ်းတွင် အကျယ် ၁၄ ပေ၊ အမြင့် ၅ ပေ၊ အရှည်ပေ ၅၀၀ ရှိ ကိုယ့်အားကိုယ်ကိုး မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး (၂) ရပ်ကွက်ရှိ မဟာအတုလမြတ်မုနိရုပ်တော်မှူဘုရားကြီးအား ဖူးမြော်ကာ ဘက်စုံအလှူငွေများ ပေးအပ်သည်။

ဆွေးနွေးမှာကြား

ယင်းနောက် တိုင်းမှူးသည် အရှည်ပေ ၉၃၀၊ အကျယ် ၁၂ပေရှိ ဦးစိန္တာလမ်းကျောက်ခင်း ကတ္တရာလောင်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကျိုက်လတ်-ဖျာပုံ လမ်းဘေးဝဲယာ နွေစပါးစိုက်ခင်းနှင့် ဖျာပုံ-ဘိုကလေး လမ်းဘေးဝဲယာ နွေစပါးရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ ဒေသခံ တောင်သူများအား တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ ပညာ့အလင်းစာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူးသည် ကျေးရွာရှိ ပညာ့အလင်း စာကြည့်တိုက်တွင် စာအုပ်စာတမ်းများ စုဆောင်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လင်းလွန်းအပင် ၁၀၀၊ ရွှေစေတီတော်မြတ် သက်တော်ရကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်ကြစဉ်။ (က-ပ)

လူကုန်ကူးမှုတရားခံ သုံးဦးအား ထိရောက်ပြင်းထန်သောပြစ်ဒဏ်များချမှတ်အရေးယူခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ဖေဖော်ဝါရီ ၇ ရက်တွင် လူကုန်ကူးမှုတရားခံသုံးဦးအား ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဝင်းနိုင်ဦး(ခ)အငယ်လေး (ဘ)ဦးဝင်းအောင်က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေ အမျိုးသမီး သုံးဦးနှင့် ကလေးနှစ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ အမျိုးသမီးတစ်ဦး ပေါင်းခြောက်ဦးတို့အား တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် တရားခံ ဝင်းနိုင်ဦး(ခ)အငယ်လေးအား ဖမ်းဆီးခဲ့ကြောင်း။

ဆက်လက်၍ စုံစမ်းဖော်ထုတ်ချက်များအရ တရားခံ ဝင်းနိုင်ဦးသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်း တစ်ရပ်ကွက်တည်းနေ အမျိုးသမီးနှစ်ဦးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ အမျိုးသမီးတစ်ဦးတို့အား မူဆယ်မြို့ရှိ စတိုးဆိုင်၌ ဝင်ငွေကောင်းသော အလုပ်ရမည်ဟု ပြောဆိုစည်းရုံး၍ ခေါ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံရှိ အမျိုးသားများနှင့် အခမ့်လက်ထပ်ရန် ရောင်းစားခဲ့ကြောင်း။

ထိုသို့ လူကုန်ကူးမှုကျူးလွန်ရာတွင် ဝင်းနိုင်ဦး၏ အစ်ကိုအရင်းများဖြစ်သော ကျော်ဝင်းသန်းနှင့် မျိုးနိုင်ဦး(ခ)ကိုမျိုးတို့က လိုက်ပါကူညီဆောင်ရွက်ခဲ့ကြောင်း။

ယင်းနောက် တစ်ပတ်ခန့်အကြာတွင် ဝင်းနိုင်ဦးက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှ အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးတို့အား တစ်ဖက်နိုင်ငံသို့ ထပ်မံပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက တရားခံ ဝင်းနိုင်ဦး(ခ)အငယ်လေးအား ထောင်ဒဏ်တစ်သက် (ထောင်ထဲတွင် သေဆုံးချိန်အထိ ပြစ်ဒဏ်ကျခံစေရန်)၊ တရားခံ မျိုးနိုင်ဦး(ခ)ကိုမျိုးနှင့် တရားခံ ကျော်ဝင်းသန်းတို့အား ထောင်ဒဏ် (၁၀)နှစ်စီ ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း။

လူကုန်ကူးမှု တရားခံများအား ယခုကဲ့သို့ ထိရောက်ပြင်းထန်သော ပြစ်ဒဏ်များချမှတ်ခြင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှုနှင့် စပ်လျဉ်းသည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် တာဝန်ရှိသူများက လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူကုန်ကူးမှုတရားခံ ဝင်းနိုင်ဦး (ခ) အငယ်လေး။
(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

လူကုန်ကူးမှုတရားခံ ကျော်ဝင်းသန်း။
(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

လူကုန်ကူးမှုတရားခံ မျိုးနိုင်ဦး (ခ) ကိုမျိုး။
(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

စင်ကာပူ ရုက္ခဗေဒဥယျာဉ်နှင့် ပန်းမန်အကြောင်း ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စင်ကာပူနိုင်ငံ ရုက္ခဗေဒဥယျာဉ် ပန်းမန်များအကြောင်း ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါဥယျာဉ်မှ စီနီယာ သိပ္ပံပညာရှင် ဒေါက်တာ ဟျူးဘတ်ကွတ်ဝဲလ်က ဟောပြောမည်ဖြစ်၍ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

ဒေါက်တာ ဟျူးဘတ်သည် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် သစ်ခွပညာရှင် ဒေါက်တာစောလွင်၊ သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲမှ သစ်ခွပညာရှင်၊ သစ်တောအုပ်ကြီး ဦးစိုးဝင်းတို့နှင့်အတူ လာမည့် ဖေဖော်ဝါရီ ၂၃ ရက်မှ တစ်ပတ်ကြာ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းသို့ သွားရောက်ကာ သစ်ခွသုတေသနလုပ်ငန်းများ ဆောင်ရွက်ကြမည်ဟု သိရသည်။ (၄၅)

ပိဋကဗျူဟာအစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပိဋကဗျူဟာအဖွဲ့ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် (တပေါင်းလဆန်း ၉ ရက်) စနေနေ့ မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ ပိဋကဝန်ဆောင် ပုဂ္ဂိုလ်များ ကြွရောက်ရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်ဟု သိရသည်။ (၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၄၅	Yangon Panorama (ယုဇန-အချစ်ဆုံး VCD မိတ်ဆက်ပွဲ)
၇း၀၅	စာမရခြင်းအကြောင်းရင်း တရားတော် (ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)	၁၁း၁၀	မိုးလေဝသခန့်မှန်းချက်
၈း၀၅	တေးဂီတအစီအစဉ်	၁၁း၀၅	အလျော်အစား(ဇင်ဝိုင်း၊ ငွေစင်သွန်း၊ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၈း၁၀	မြတ်သောအလှူ	၁၁း၁၅	တေးဂီတအစီအစဉ်
၈း၃၀	Music Gallery (တင်ဆက်သူအကြိုက် တေးသီချင်းများ)	၁၁း၂၀	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၈း၅၀	ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ (အပိုင်း-၂)	၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
		၁၁း၅၀	တေးဂီတအစီအစဉ်
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၅၅	သွန်းလောင်းသံနည်းပညာ
၉း၁၅	တေးဂီတအစီအစဉ်	၁၂း၁၀	တေးဂီတအစီအစဉ်
၉း၂၀	Sunday Talk	၁၂း၁၅	ဆန်စက်ဖွံ့ဖြိုးတိုးပြည်အကျိုး
၁၀း၁၀	တေးဂီတအစီအစဉ်	၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	လေးဖက်နာရောဂါဆိုတာ (အပိုင်း-၂) (ဒေါက်တာချစ်စိုး)	၁၂း၄၀	မိကျောင်းမျိုးဆက်မပြုန်းတီးရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေး
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း	၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Lille - Man:Utd	5-Sports(Live)
	Real Madrid-Bayern Munich	5-Series(Live)

* ကာကွယ်ရေးဝန်ကြီးဌာနမှ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပြည်သူများက လေယာဉ်နှင့် ကားများထက် မီးရထားကို စရိတ်ကုန်ကျမှုသက်သာခြင်း၊ သက်သောင့်သက်သာ စီးနင်းနိုင်ခြင်းတို့ကြောင့် ပိုမိုအားထားစီးနင်းနေကြကြောင်း၊ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံမှ ဝန်ထမ်းများအနေဖြင့် စက်ခေါင်းများကို သတ်မှတ်လျာထားချက်ထက် ပိုမိုပြုပြင်နိုင်မှု၊ အသစ်တည်ဆောက်နိုင်မှုတို့အတွက် ဝမ်းမြောက်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားလည်း အပြည့်အဝပေးထား၍ ပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်းတို့ကို ယခုထက် ပိုမိုဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ ရထားစီးခရီးသည်များအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖြုတ်ဆင်ရုံ၌ အသစ်တည်ဆောက်နေသည့် စက်ခေါင်း (New Locomotive)၊ စက်ခေါင်းများပြုပြင်နေမှု၊ မြန်မာ့မီးရထားမှ ထုတ်လုပ်သည့် စက်အရန်ပစ္စည်း ၃၅ မျိုး၊ ပြင်ပလုပ်ငန်းရှင်များက ထုတ်လုပ်သည့် စက်အရန်ပစ္စည်း အမျိုး ၄၀၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် စက်အရန်ပစ္စည်း ငါးမျိုး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ထုတ်လုပ်သည့် စက်အရန်ပစ္စည်း နှစ်မျိုးနှင့် ပြင်ပလုပ်ငန်းရှင်များက ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်း ၃၈မျိုး၊ ပြည်တွင်း၌ ထုတ်လုပ်သော 25 Ton Lifting Jack ကိုလည်းကောင်း၊ ထရက်ရှင်ဌာန (Traction Shop) အမှတ်(၁၇)၌ ထရက်ရှင်မော်တာနှင့် ဂျင်နရေတာများ ပြုပြင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

❀ ချောကလက်မှ

အဆိုပါလေ့လာမှုကို သကြားလုံးနှင့် အချိုမုန့်မျိုးစုံ ထုတ်လုပ်သောမားကုမ္ပဏီ၏ အထောက်အပံ့ဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ယင်းလေ့လာမှုပြုလုပ်စဉ်က ချောကလက်တွင်ပါဝင်သည့် ဖလာဗာနောလ်ဓာတ်ကြောင့် ဦးနှောက်အတွင်း သွေးလည်ပတ်မှု တိုးမြင့်လာစေသည်ကိုလည်းကောင်း၊ သွေးကြောဆိုင်ရာ ပျက်စီးမှုကို ကုသရာ၌ အကျိုးပြုစေနိုင်သည်ဆိုသော အလားအလာကိုလည်းကောင်း တွေ့ရှိရသည်ဟုဆိုသည်။

ချောကလက်နှင့် ပတ်သက်၍ ယခင်က ပြုလုပ်သော လေ့လာမှုတစ်ခု၌လည်း ယင်းသည် နှလုံးအားနည်းသူများအတွက် အကျိုးပြုသည်ကို လေ့လာသိရှိခဲ့ရကြောင်း ဖော်ပြခဲ့သည်။

ဖလာဗာနောလ်ဓာတ်သည် မှတ်မိ သိရှိနိုင်စွမ်းနှင့် ပတ်သက်၍ မည်မျှ ဩဇာသက်ရောက်မှုရှိသည်ကို သိရှိနိုင်ရန် စမ်းသပ်မှုတစ်ရပ်ကို ဗြိတိန်နိုင်ငံ နော်တင်ဟမ် ဆေးပညာဌာနမှ အီရန်မက်ဒေါ်နယ်က စမ်းသပ်ခဲ့သည်။

ဤနေရာတွင် အစမ်းသပ်ခံသူများအကြား၌ မှတ်မိ သိရှိနိုင်စွမ်းအား ထူးထူးခြားခြား တက်မလာသည်ကို တွေ့ရသော်လည်း ဖလာဗာနောလ် သောက်သုံးထားသော သုံးလေးနာရီအချိန်အတွင်း ဦးနှောက်သို့ သွေးစီးဆင်းမှု မြင့်တက်လာသည်ကို တွေ့ရသည်ဟု ဆိုသည်။ ယင်းတွေ့ရှိချက်သည် သက်ကြီးပိုင်း အရွယ်များတွင် ဖြစ်ပေါ်တတ်သည့် နွမ်းနယ်မောပန်းမှုနှင့် လေဖြတ်မှု အသေးစားများကို အကာအကွယ် ဖြစ်စေနိုင်သည်ဟု ယူဆထားသည်။ **အင်တာနက်**

ဖွင့်လှစ်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့ ပွန်ဂဲ (ခေါ်) ကောက်သစ်စားပွဲတော် အထိမ်းအမှတ် ညစာစားပွဲတွင် ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ပွန်ဂဲ (ခေါ်) ကောက်သစ်စားပွဲတော် အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) [All Myanmar Tami Hindu Foundation (H.Q)] က ကြီးမှူးကျင်းပသည့် ပွန်ဂဲ(ခေါ်) ကောက်သစ်စားပွဲတော် (Pongal Festival) အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းယားလိတ်ဟိုတယ် မြက်ခင်းပြင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ချီးမြှင့်ပြီး ဆီမီးတိုင်ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ မလေးရှားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ၊ မလေးရှားနိုင်ငံ Stevan’s Corner Restaurants Group မန်နေဂျင်းဒါရိုက်တာ Dr. Simon ဦးဆောင်သည့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အလုပ်အမှုဆောင်များ၊ ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် ကော်မတီဝင်များ၊ တမီလ်ဟိန္ဒူဘာသာဝင်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က စင်မြင့်ပေါ်ရှိ ဆီမီးတိုင်များကို ဆီမီးထွန်းညှိပေးကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ဂါရဝပြု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့အား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က မင်္ဂလာပဝါခြုံ၍ ပန်းကုံးစွပ်ပေးပြီး ဂါရဝပြုသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra အား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်တို့က မင်္ဂလာပဝါခြုံ၍ ပန်းကုံးစွပ်ပေးပြီး ဂုဏ်ပြုကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်အား မင်္ဂလာပဝါခြုံ၍ ဂုဏ်ပြုသည်။

ဂုဏ်ပြု

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌက မလေးရှားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ၊ မလေးရှားနိုင်ငံ Stevan’s Corner Restaurants Group မန်နေဂျင်းဒါရိုက်တာ Dr. Simon အား မင်္ဂလာပဝါခြုံ၍ ဂုဏ်ပြုသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က အသက်ရာကျော်တောင်သူလယ်သမားဦးကြီးများ ဖြစ်ကြသည့် ရန်ကုန်တိုင်း သန်လျင်မြို့မှ ဦးစိန်ဝင်းနှင့် ပဲခူးတိုင်း ဝေါမြို့နယ် ကတို့ကျေးရွာမှ ဦးမရန်းသီးတို့အား မင်္ဂလာပဝါခြုံ၍ ပန်းကုံးစွပ်ပေးပြီး ဂုဏ်ပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ပွန်ဂဲ (ခေါ်) ကောက်သစ်စားပွဲတော် ကျင်းပရသည့်အကြောင်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)မှ တာဝန်ရှိသူများက မြန်မာဘာသာ၊ တမီလ်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရှင်းလင်းပြောကြားကြပြီး တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်နှင့် ညစာသုံးဆောင်အပြီးတွင် မြန်မာနိုင်ငံ တမီလ်ဟိန္ဒူယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် မလေးရှားနိုင်ငံ တမီလ်ဟိန္ဒူယဉ်ကျေးမှုအဖွဲ့ဝင်များက အဆို၊ အက၊ ပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

မုဒုံအသင်း(ရန်ကုန်) ဂုဏာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းရာတွင် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ရေတောင်တောရဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝရနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကွမ်ကသောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမန ဆရာတော်နှစ်ပါးတို့အား ဆဋ္ဌမအကြိမ် ဂုဏာပူဇာပွဲကို မတ် ၃ ရက် (စနေနေ့)၊ (တပေါင်းလပြည့်ကျော် ၁ ရက်) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) မုဒုံအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဖုန်း-၅၇၀၈၈၂၊ ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း) ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ အတွင်းရေးမှူး ဖုန်း- ၅၃၉၄၅၃၊ ဦးစိုးတင် ဘဏ္ဍာရေးမှူး ဖုန်း- ၅၃၈၇၂၁၊ ဦးသန်းလွင် စာရင်းစစ် ဖုန်း- ၂၉၄၃၅၉နှင့် ဦးအောင်ကြည် အလုပ်အမှုဆောင် ဖုန်း- ၅၉၁၁၆၁တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် အသင်းသား အသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာတော်များအား ကြွရောက်ကြည်ညိုကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (၁၆/၁) ဇောတိကလမ်းနှင့် သုမနလမ်းထောင့်နေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်နုရီအား ရည်စူး၍ သားသမီး၊ မြေး၊ မြစ်တစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၃)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာ မရရှိပါက အသင်းရုံးတည်ရှိရာ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၁၄၈၃၀နှင့် ၂၁၄၈၃၁တို့သို့ ဆက်သွယ်သတင်းပေးပို့၍ အစည်းအဝေး တက်ရောက်နိုင်ကြောင်းနှင့် အကြံပြုလိုသည်များကိုလည်း ဖက်စ်- ၂၁၄၈၃၂သို့ ပေးပို့နိုင်ပါကြောင်း သိရသည်။ (ကြေးမုံ)

☆ ဝန်ကြီးဗိုလ်ချုပ်စောထွန်းမှ

ထွက်ခွာပြီး ဆိပ်ဖြူ–စလင်းလမ်း၊ စလင်း–ကံပြားလမ်းနှင့် ပုသိမ်–မုံရွာလမ်း၊ ပဒါန်း– ကံပြား အပိုင်းရှိ လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မုန်းချောင်းတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိသည်။

ယင်းနောက်ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးဘစောက မုန်းချောင်းတံတား ပဒါန်းဘက်ကမ်းချဉ်းကပ်တံတား၏ သံကူကွန်ကရစ်ရက်မများသွန်းလောင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ချိန်အမီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပဒါန်းဘက်ကမ်း ချဉ်းကပ်လမ်း မြေသားတာပေါင်ဖို့ လုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

မုန်းချောင်းတံတားအမျိုးအစားမှာ ဘေလီ တစ်လမ်းသွား ကြိုးတံတား အမျိုးအစားဖြစ်ပြီး ပင်မတံတား အရှည်ပေ ၄၀၀နှင့် ချဉ်းကပ်တံတား ပေ ၅၄၀ ရှိ၍ စုစုပေါင်း တံတားအရှည်ပေ ၉၄၀ရှိသည့် ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် ၃၀ဖြစ်သည်။

ယခုအခါ မုန်းချောင်းတံတား ပဒါန်းဘက်ကမ်းချဉ်းကပ်တံတား၏ တံတား အောက်ထည်လုပ်ငန်းများ ပြီးစီး၍ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရမ်းတို့မှာ အခန်းကိုးခန်းရှိသည့်အနက် ခြောက်ခန်းပြီးလျက်ပင်မကြိုး တပ်ဆင်ခြင်းလုပ်ငန်းနှင့် ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

သန်းပေါင်းရှစ်သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ဖြူးမြို့အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက် ရှိသော ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေး၊ စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေယူဥမင်လိုဏ်(အဝင်) တူးဖော်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် အဆိုပါ စီမံကိန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးရာ၌ စီမံကိန်းအသီးသီးမှ တာဝန်ရှိသူများအား စီမံကိန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အရည်အသွေး ဂရုစိုက်ရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းသုံးယာဉ်နှင့် ယန္တရားများကို စနစ်တကျ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်ကြရေးတို့ကို ဆွေးနွေးမှာကြားပြီး စီမံကိန်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိပ်ခံတံတားကြီးပြီးစီးသောရက်သည် သတ်မှတ်ကာလထက် သုံးလစော အခက်အခဲများလွန်မြောက်နိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု ချောမွေ့မြန်ဆန်

➪ ခရီးသည်နှင့်မှ

ပင်လယ်ဆိပ်ကမ်းများတွင် ရေယာဉ်များဆိုက်ကပ်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် ရခိုင်ပြည်နယ်အတွင်းမှ ဆိပ်ခံတံတားများကိုလည်း ရှေးယခင်ကပင် ဆောက်လုပ်သုံးစွဲခဲ့ကြသည်။ ဤသို့ ဆောက်လုပ်သုံးစွဲခဲ့ကြသည့် ဆိပ်ခံတံတားများတွင် စစ်တွေမြို့ရှိ ဖောင်တော်ကြီး ဆိပ်ခံတံတားလည်းတစ်ခု အပါအဝင် ဖြစ်ခဲ့သည်။

စစ်တွေမြို့ ဖောင်တော်ကြီး ဆိပ်ခံတံတားဟောင်းကို ၁၈၇၆ခုနှစ်တွင် စတင် တည်ဆောက်အသုံးပြုခဲ့ပြီး ၂၀၀၄ခုနှစ် မေလ၁၉ရက်နေ့တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားခဲ့ရသည်။ ဤသို့ပြိုကျပျက်စီးရခြင်းမှာ မုန်တိုင်းဒဏ်တစ်ခုတည်းကြောင့်သာ မဟုတ်ဘဲ နှစ်ပေါင်း ၁၀၀ကျော်ကြာ ပင်လယ်ဆားငန်ရေထိခြင်းနှင့် သဘာဝဘေးဒဏ်ကို ခံခဲ့ရခြင်းတို့ကြောင့် တံတား၏ ကြံ့ခိုင်မှုစွမ်းရည်ကျဆင်းလာကာ ပျက်စီးရခြင်းဖြစ်သည်။

ဆိပ်ခံတံတားကြီးကို စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ချိန်အမီ ပြီးစီးစေရန် အနီးကပ် ကြီးကြပ်ဆောင်ရွက်စေခဲ့။
(ဦးမြသန်း၊ မြို့ပြအင်ဂျင် နီယာချုပ်/မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)

စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဤဆိပ်ခံတံတားမှာလည်း ဒေသခံပြည်သူများ ခရီးသွားလာရေးမှအစ ကုန်သွယ်မှုအဆုံး နိစ္စဓူဝ အသုံးပြုနေရသည်ဖြစ်ရာ ယင်းတံတားပျက်စီးသွားခြင်းကြောင့် သွားလာမှုနှင့် ကုန်သွယ်ရောင်းဝယ်မှု စီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်စေခဲ့ပေသည်။ သို့ဖြစ်၍ နိုင်ငံ့အကြီးအကဲများ၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က စီစဉ်ကာ ဆိပ်ခံတံတားသစ်တစ်စင်း အမြန်ဆုံးပြန်လည်တည်ဆောက်ရန် စီစဉ်ခဲ့ကြသည်။

“ဆိပ်ခံတံတားမရှိသည့်အတွက် ရေယာဉ်များ ရေလယ်တွင် ကျောက်ချရပ်နားကာ ကုန်တင်ကုန်ချ ပြုလုပ်ခဲ့ရ” (ဦးထွန်းဌေး–ပြည်နယ်ဆိပ်ကမ်းအရာရှိ၊ ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်း)

အထူးသဖြင့် အသစ်ဆောက်လုပ်မည့် ဆိပ်ခံတံတားကို ယခင်ပြိုကျသွားခဲ့သည့် ဆိပ်ခံတံတားကဲ့သို့ သံနှင့်သစ်သားထည်များ ရောစပ် အသုံးမပြုတော့ဘဲပင်လယ်ဆားငန်ရေဒဏ်ခံနိုင်သည့် ကွန်ကရစ်ဖြင့်သာ စံချိန်စံညွှန်းမီတည်ဆောက်ရန်ဆုံးဖြတ်ခဲ့ကြသည်။ အထူးသဖြင့် ကမ်းရိုးတန်းသွားသင်္ဘောများနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားလာသည့် သင်္ဘောငယ်များပါ လုံခြုံစိတ်ချစွာ ဆိုက်ကပ်အသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သည်။ တည်ဆောက်ချိန်နှစ်နှစ်သတ်မှတ်ပြီး တည်ဆောက်မှုလုပ်ငန်းများကို ၂၀၀၅ခုနှစ် ဧပြီလမှစ၍ ဆောင်ရွက်ခဲ့ကြရာ ၂၀၀၇ခုနှစ် မတ်လ ၃၁ရက်နေ့တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့သည်။ သတ်မှတ်ကာလထက် သုံးလစော၍ ပြီးစီးခဲ့သည်။ ဤသည်မှာလည်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများက အရာဏ်ဦးဆောင်လုပ်ရေးအဖွဲ့နှင့်အတူ အချိန်နှင့်တစ်ပြေးညီ စိစစ်ကြပ်မတ်၍ အနီးကပ်ကြီးကြပ်တာဝန်ယူခဲ့ခြင်းကြောင့်လည်း ဤကဲ့သို့ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးခဲ့သည့် နည်းတူ စံချိန်စံညွှန်းမီ ဆိပ်ခံတံတားကြီးကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မြို့ပြအင်ဂျင်နီယာချုပ် ဦးမြသန်းက ဖောင်တော်ကြီး ဆိပ်ခံတံတားကြီးတည်ဆောက်ရာတွင် ဆိပ်ခံတံတားကြီးအား စံချိန်စံညွှန်းပြည့်ဝစွာဖြင့် သတ်မှတ်ချိန်အမီ ပြီးစေရန်အတွက် ဒုတိယမြို့ပြအင်ဂျင်နီယာချုပ်နှင့် လက်ထောက်အင်ဂျင်နီယာတစ်ဦးတို့အား လုပ်ငန်းခွင်တွင် အချိန်ပြည့် အနီးကပ်ကြီးကြပ်ဆောင်ရွက်စေခဲ့ကြောင်း၊ ဆိပ်ခံတံတား၏ အောက်ခံအုတ်မြစ်ကို ကြိုတင်သွန်းလောင်းသည့် သံကူကွန်ကရစ်ပိုင်တိုင်များ ရိုက်သွင်းအသုံးပြုခဲ့ကြောင်း၊ ပိုင်တိုင် ၂၁၃လုံးရှိပြီး ၆၅ပေအရှည် တိုင်တစ်လုံး၏အလေးချိန်မှာ ၇ ဒသမ ၈ တန်ရှိသဖြင့် ၎င်းတိုင်များကို ကိုင်တွယ်ရိုက်သွင်းနိုင်သည့် တိုင်ရိုက်စက်နှင့် တိုက်ရိုက်တင် ဖောကို ရန်ကုန်မှ ရခိုင်ကမ်းရိုးတန်းကျွန်းပတ်သင်္ဘောဖြင့် သယ်ပို့ခဲ့ကြောင်း ရှင်းပြသည်။

ဖောင်တော်ကြီးဆိပ်ခံတံတားသစ် တည်ဆောက်ရာတွင် လုပ်ငန်းခွင်၌ အနီးကပ်ကြီးကြပ် ဆောင်ရွက်ရသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယမြို့ပြအင်ဂျင်နီယာချုပ် ဦးရွှေမောင်က စစ်တွေဆိပ်ကမ်း၌တံတားတိုင်များ ပိုင်ရိုက်ရန်အတွက် တိုင်ရိုက်စင်နှင့် တိုင်ရိုက်စက်များအား ရေလယ်တွင် ဖောပေါ်သို့ တင်ပြီး တပ်ဆင်ရာ၌ တိုင်ရိုက်စင်အထိုင်မှာ ၁၀တန်ခန့်အလေးချိန်ရှိရာ လူနှင့်လုပ်ငန်းသုံးပစ္စည်းများ ရေထဲမကျအောင်အထူးဂရုစိုက်ရကြောင်း၊ ထို့ပြင် တံတားတည်ဆောက်ရာတွင် အသုံးပြုသည့် ကွန်ကရစ်ကို သတ်မှတ် အရည်အသွေးပြည့်မီရန်နှင့် ဆားဓာတ်မပါစေရန်အတွက် သဲနှင့် ကျောက်စရစ်များကို ရေချိုအသုံးပြုကာ ဆေးကြောသန့်စင်ရပြီး အရည်အသွေး GRADE ၃၀ ပြည့်မီရန် Batching Plant အသုံးပြုကာ ကွန်ကရစ်ဖျော်စပ်ရပြီး Slump Test နှင့် Tube Test များလည်း ပြုလုပ်စမ်းသပ်ကြောင်း ရှင်းပြသည်။

စစ်တွေမြို့ ဖောင်တော်ကြီးဆိပ်ခံတံတားကြီး ရာသီဥတုဒဏ်ကြောင့်ပြိုပျက်ခဲ့ရပြီး ရေယာဉ်များဆိုက်ကပ်ရန်အတွက် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရပုံကို

“လူနှင့် လုပ်ငန်းသုံး ပစ္စည်းများ ရေထဲမကျစေရန် အထူး ဂရုစိုက်ခဲ့ရ”
(ဦးရွှေမောင်၊ ဒုတိယ မြို့ပြအင်ဂျင်နီယာချုပ်)

ရခိုင်ပြည် နယ်ဆိပ်ကမ်းအရာရှိ ဦးထွန်းဌေးက စစ်တွေဆိပ်ကမ်းမှာ တန်ချိန်များပြားသည့် ကမ်းရိုးတန်းသွားသင်္ဘောကြီးများ၊ အထူးသဖြင့်ကြယ်ငါးပွင့်လုပ်ငန်းပိုင်သင်္ဘောကြီးများ အဓိကဆိုက်ကပ်သည့် ဆိပ်ကမ်းတစ်ခုဖြစ်ရာ ဤကဲ့သို့ ကုန်တင်ကုန်ချများပြားသည့်ဆိပ်ကမ်းတွင် ဆိပ်ခံတံတားမရှိတော့သည့်အတွက်သင်္ဘောများမှာရေလယ်တွင် ကျောက်ချရပ်နား၍ ကုန်နှင့်ခရီးသည်အတင်ချပြုလုပ်ရသည်မှာ အလွန်ပင် အခက်အခဲရှိ၍ အန္တရာယ်များသလို ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးကိုလည်း များစွာ အနှောင့်အယှက်ဖြစ်စေခဲ့ရကြောင်း ရှင်းပြသည်။

ထို့အပြင်ဖောင်တော်ကြီး ဆိပ်ခံတံတားကို တာဝန်ယူတည်ဆောက်ခဲ့ရသည့် အရာဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းအင်ဂျင်နီယာ ဦးဝင်းမြင့်ကလည်း ရခိုင်ပြည်နယ်ကဲ့သို့ ဒေသတွင် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ရသည်မှာ မလွယ်ကူကြောင်း၊ ဒီရေအတက်အကျကို တွက်ချက်လုပ်ကိုင်ရသည့်အတွက် လုပ်ငန်းခွင်အခက်အခဲများကို များစွာ ရင်ဆိုင်ကျော်လွှားခဲ့ရကြောင်း ပြောကြားသည်။

ဆက်လက်ပြီးစစ်တွေမြို့မှ ကုန်သည်ကြီးတစ်ဦးဖြစ်သူ ဦးမောင်သန်းရွှေကလည်း ဆိပ်ခံတံတားကြီး ပျက်စီးသွားပြီးနောက် နောက်ထပ်တံတားသစ် မဆောက်ရသေးမီကာလများတွင် မိမိတို့ကုန်သင်္ဘောများမှာ ရေလယ်တွင်

ကျောက်ချ၍ ကုန်စည်များကို လှေသမ္ဗန်များဖြင့် သယ်ယူကြရာ စရိတ်စကကုန်ကျမှုများပြားပြီး ကုန်ပစ္စည်းလေလွင့် ဖိတ်စဉ်မှုများလည်း ရှိခဲ့ရကြောင်း၊ ရာသီဥတု ဆိုးရွားသည့် ကာလတွင် မြစ်လယ်၌ ကုန်တင်ကုန်ချပြုလုပ်ရသည်မှာ လုံခြုံစိတ်ချရမှုမရှိကြောင်း၊ ယခု ဆိပ်ခံတံတားသစ်ကြီး ဖွင့်လှစ်နိုင်ပြီဖြစ်၍ ဤအခက်အခဲများကို လွန်မြောက်နိုင်ခဲ့ပြီး ကုန်စည်စီးဆင်းမှု ပိုမိုချောမွေ့မြန်ဆန်လာတော့မှာဖြစ်ကြောင်း ဝမ်းသာအားရ ပြောကြားသည်။

“ဆိပ်ခံတံတားသစ်ကြီး ဖွင့်လှစ်နိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု ပိုမို မြန်ဆန်စေမည်ဖြစ်”
(စစ်တွေမြို့မှ ကုန်သည်ကြီး ဦးမောင်သန်းရွှေ)

ယခုတည်ဆောက်ဖွင့်လှစ်လိုက်သည့် ဆိပ်ခံတံတားသစ်မှာ မျက်နှာစာ အလျားပေ ၂၄၀၊ အကျယ်၊ ၄၈ပေရှိပြီး ချဉ်းကပ်တံတားမှာအလျား၄၄၄ ပေ၊ အကျယ် ၂၄ ပေရှိသည်။ တန်ချိန် ၄၀၀၀ရှိသော သင်္ဘောကြီးများ ဆိုက်ကပ်အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် တံတား၏ခံနိုင်ဝန်မှာ တစ်စတုရန်းပေလျှင်ပေါင် ၆၀၀ သို့မဟုတ် ကုန်နှင့်ယာဉ် တန် ၅၀ ခံနိုင်စေရန်အတွက် ခိုင်ခံ့စွာ တည်ဆောက်ထားသည်။ စံချိန်စံညွှန်းမီ ဆိပ်ခံတံတားတစ်ခု တည်ဆောက်ပေးရခြင်းမှာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းရှိ နယ်မြေဒေသအစိတ်အပိုင်းအားလုံး တစ်နည်းအားဖြင့် ပြည်နယ်ပြည်မ ဒေသအားလုံးယှက်နွယ်ပေါင်းစည်းပြီး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှ နည်းစေရန်နှင့် ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ရခိုင်ဒေသနေ တိုင်းရင်းသားသွေးချင်းများ၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရန် စီမံဆောင်ရွက်ပေးခြင်းလည်းဖြစ်သည်။

သို့ဖြစ်ပေရာ ဒေသ၌ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များနှင့်အတူ နိုင်ငံတော်ကတည်ဆောက်ပံ့ပိုး ပေးထားသည့် လမ်းတံတားအခြေခံ အဆောက်အအုံများ၊စီးပွားရေးအခြေခံအဆောက်အအုံများကိုထိထိရောက်ရောက်အကျိုးရှိစွာ အသုံးပြုပြီး မိမိတို့ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။

အထူးသဖြင့် ရခိုင်ကမ်းလွန်ဒေသတွင် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များကို တွေ့ရှိထားပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့အကောင်အထည်ဖော်နိုင်မည်ဖြစ်ရာ ယခုဖွင့်လှစ်လိုက်သည့် ဤဆိပ်ခံတံတားသစ်ကြီးက များစွာပံ့ပိုးထောက်ကူ သွားနိုင်မည်ဖြစ်ရာ ဒေသတွင်း ကုန်စည်စီးဆင်းမှုကိုလည်း မြန်ဆန်ချောမွေ့စေမည်ဖြစ်သည်။ ။

ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ နွေရာသီဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ၏ အဋ္ဌမအကြိမ်မြောက် နွေရာသီဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို မတ် ၁၈ရက်မှဧပြီ ၈ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ပဓာနနာယကဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ) (Ph.D) ပါမောက္ခ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အမှူးရှိသော ဝန်ဆောင်သံဃာတော် အရှင်သူမြတ်များက ဦးစီးပို့ချသွားမည်ဖြစ်သည်။ သင်တန်းကို အဆင့်လေးဆင့်ခွဲခြားထားပြီး အထူးတန်းအဆင့်ကို အင်္ဂလိပ်ဘာသာဖြင့်ပို့ချသွားမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၂၄ ရက်မှစတင်ပြီး သင်တန်းသားကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်သည်။

အသေးစိတ် အချက်အလက်များ သိရှိလိုလျှင်သော်လည်းကောင်း၊ သင်တန်းသား(သမဏေ/သိက္ခာရှင်) များအတွက် နေ့စဉ်ဆက်ကပ်ရမည့် အရာဏ်ဆွမ်း၊နေ့ဆွမ်း၊ ဖျော်ရည်နှင့်ရေမီး၊ဆေးများ လှူဒါန်းလိုလျှင် သော်လည်းကောင်း ဖုန်း–၅၇၁၃၁၂၊ ၅၆၂၄၄၁တို့သို့ဆက်သွယ်လှူဒါန်းနိုင်သည်။(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၂–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၅ ၈။ ရင်းငြိမ်ရေထိန်းတံခါး
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၄း၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၅၅ ၅။ **“အားနာလိုက်တာ” (မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၅း၀၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
၅း၅၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (သေသပ်လှပညီညာ သရက်ကိုင်းသင်ဖြူးဖျာ)
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
၆း၅၀ ၁၁။ ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင်(၁၀၀၀)ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ညီမငယ်ပါသေး” (အပိုင်း–၁၈)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၂၆)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

အနောက်ပိုင်းတက္ကသိုလ် ဘောလုံးကွင်းမြေနေရာ ပန္နက်တင်

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အနောက်ပိုင်း တက္ကသိုလ် ဝင်းအတွင်း၌ ငါးကန်တူးဖော်မည့် မြေနေရာနှင့်ဘောလုံးကွင်းဖောက်လုပ်မည့် မြေနေရာတွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ ပန္နက်များ စိုက်ထူပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေး

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၈ ရက်အတွင်း မြို့နယ်တွင်း ရပ်ကွက်၁၁ခုရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ ရပ်ကွက်ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဝင်များအား ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးရာတွင် ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြသန်းနှင့် စာကြည့်တိုက်မှူး ဒေါ်နုနုရီတို့က စာကြည့်တိုက်များရှိ စာအုပ်၊ စာစောင်များ စနစ်တကျမှတ်ပုံတင်ထားရှိရေး၊ စာငှား စာရင်းထားရှိရေး၊ စာအုပ်စာစောင်အသစ်များ တိုးပွားအောင်ဆောင်ရွက်ရေး၊ စာကြည့်တိုက်ရန်ပုံငွေကို ငွေစုဘဏ်၌ စာရင်းဖွင့်၍ ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ကျန်းမာရေးအသိပညာပေး ဟောပြော

ကျန်းမာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းနှင့်မြိတ်ခရိုင် တိုင်းရင်း ဆေးပညာ ဦးစီးဌာန ဝန်ထမ်းများနှင့်တနင်္သာရီတိုင်း တိုင်းရင်းဆေးဆရာအဖွဲ့တို့ပူးပေါင်း၍ ကျေးရွာများသို့ကွင်းဆင်းပြီး ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးဝါးကုသခြင်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ရက်တွင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာနှင့် ကန်သာယာကျေးရွာတွင် ဟောပြောကုသခြင်းကို ဆောင်ရွက်ကြသည်။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် လမ်း (၅၀)ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ (၁၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်မြတ်များ လှည့်လည်အပူဇော်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင်တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော "အနာကြီးရောဂါကင်းဝေးနေစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့" အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၇ရက်က မြို့နယ်အသင်းရုံးခန်းမတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။ (မင)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၂ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့နယ် ဗားရိတ်တား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၁၃ရက်တွင် ထန်တလန်မြို့နယ် မွာလ်ကိုင်းကျေးရွာသို့ ရောက်ရှိပြီး ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် မွာလ်ကိုင်းကျေးရွာ ဒေသခံပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အသေးစားရေအားလျှပ်စစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၂၇၂စောင်ကို လက်ခံသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် လှမ်ဖေကျေးရွာ ပြည်သူလူထုနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အသေးစားရေအား လျှပ်စစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍အမှာစကားပြောကြားပြီးပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၁၄၅စောင်ကို လက်ခံကာ ကျေးရွာအတွက် ရောင်စုံရုပ်မြင်သံကြားစက်၊ ဂြိုဟ်တုစလောင်းဖမ်းစက်တစ်စုံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအမှုဆောင် ဒုတိယဝန်ကြီးသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးလက်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော အရှည် ၂၂မိုင်ရှိ ကြောင်ထီးယား–လှမ်ဖေ–ခွာဘုံ ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားနှင့် ခွာဘုံကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ပြီး စာကြည့်တိုက်အတွက် သုတရသ စာပေများ၊ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများ လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ရက်နေ့လယ်ပိုင်းတွင်ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင်မြင့်လိုက်ပါလျက် ဟားခါးမြို့ပေါ်ရှိ UPCဘုရားကျောင်း၊ ZION ဘုရားကျောင်း၊ ချင်းခရစ်ယာန် ဓမ္မကောလိပ်နှင့် AG အသင်းတော်များသို့ သွားရောက်ပြီး ဓမ္မဆရာတော်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ရှိ အကျဉ်းဦးစီးဌာနသို့ရောက်ရှိပြီး စခန်းအတွက် ရောင်စုံရုပ်မြင်သံကြားဖမ်းစက် တစ်လုံး ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဖလမ်းမြို့နယ် ဖာရ်ခေါမ်းကျေးရွာ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ကျေးရွာမီးလင်းရေးအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် အတွက် ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းပြီးကလေးမြို့သို့ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ကလေးမြို့ ကျီကုန်းကျေးရွာရှိ မဟာသာကပဋိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် ကန်သာယာဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး တိလောကမာရဇိန် စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဦးတက်ပု၊ ဒေါ်လုဖံ မိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

တရားစီရင်ရေး ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေသည် ဖေဖော်ဝါရီ ၅ရက်မှ ၇ရက်အထိတရားရုံးချုပ်(နေပြည်တော်)တွင် ကျင်းပခဲ့သော တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်းတရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း တရားရုံးချုပ်ဓမ္မာရုံ၌ ရန်ကုန်တိုင်း အတွင်းရှိ တရားရုံး အဆင့်ဆင့်မှ တိုင်း/ခရိုင်/မြို့နယ်အဆင့် တရားသူကြီးများအား ထပ်ဆင့်ရှင်းလင်းသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် တိုင်းတရားသူကြီး ဦးအောင်ငွေက နိုင်ငံတော်ဝန်ကြီးချုပ်၏ ဩဝါဒ အမှာစကားများကို လည်းကောင်း၊ တရားသူကြီးချုပ်နှင့် ဒုတိယတရားသူကြီးချုပ်တို့၏ အမှာစကားများ၊ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာ မှာကြားချက်များကို လည်းကောင်း၊ ရန်ကုန် တိုင်းတရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးအခြေအနေများကို လည်းကောင်း ထပ်ဆင့်ရှင်းလင်းသည်။

(အပေါ်ပုံ)

(တရားရေး)

ဓာတ်ပုံ ပထမဆု

၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (ရန်ကုန်)၏ (၄၃)ကြိမ်မြောက် မြန်မာ နိုင်ငံ လုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ၌ ထင်အောင် (အင်းစိန်)၏ ဆေးရောင်စုံ လူပုံကဏ္ဍပြိုင်ပွဲ ပထမဆုရ သရုပ်ဆောင်နန်းဆုရတီစိုး၏ ပုံကို တွေ့ရစဉ်။

(ကြေးမုံ)



ထူးခြားသည့် ညအပူချိန်များ

(၁၉-၂-၂၀၀၇)

ဟားခါး

(၀)ဒီဂရီစင်တီဂရိတ်

နမ့်စန်၊ ပင်လောင်းနှင့် ဟဲဟိုး

၂ ဒီဂရီစင်တီဂရိတ်စီ

ရန်ကုန်

၁၈ ဒီဂရီစင်တီဂရိတ်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။ မျိုးချစ်တပ်မတော်
၅း၂၅	၇။ ပညာခေတ်
၅း၄၀	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။ နိုင်ငံတကာသတင်း
၆း၂၀	၁၁။ မိုးလေဝသသတင်း
၆း၃၀	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – "သံစဉ်မဲ့မေတ္တာ" (အပိုင်း–၉)**
၈း၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ မွေးမြူသုတ
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း–၈)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

အသက်(၂၀)အောက် ကွင်းပိတ်ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်ဘောလုံးအသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၆–၂၀၀၇ ဘောလုံးရာသီ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ၏ ကွင်းပိတ်ရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ မြို့တော်စည်ပင်လူငယ်အသင်းက အား/ကာသိပ္ပံ (မန္တလေး) လူငယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

မြို့တော်စည်ပင်
လူငယ်အသင်း နှစ်ဂိုး
(ရမ်သမ်ထန်နှင့်ကိုကိုနိုင်)
အား/ကာသိပ္ပံ (မန္တလေး)
လူငယ်အသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးထွန်းရှင်

ယူ(၂၀)ပြိုင်ပွဲ၏ အမှတ်ပေးချန်ပီယံ အား/ကာသိပ္ပံ (မန္တလေး) အသင်းမှာ ယခုကွင်းပိတ်ပြိုင်ပွဲတွင်လည်း ထပ်မံဗိုလ်စွဲရေးကြိုးစားခဲ့သော်လည်း ဒုတိယဖြင့်သာကျေနပ်ခဲ့ရသည်။ မြို့တော်စည်ပင်အသင်းမှာ အား/ကာသိပ္ပံ (မန္တလေး) အသင်းကို ခြေရည်တူကစားသွားပြီး ဒုတိယပိုင်းတွင် သွင်းယူသော အနိုင်ဂိုးများဖြင့် ကွင်းပိတ်ချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် နည်းစနစ် ကော်မတီဝင် ဦးအေးမောင်ကြီးက ယူ–၂၀ အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ တပ်မတော်လူငယ်အသင်းအား ဆုတံဆိပ်နှင့် ငွေသားကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင် ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးတင်အောင်(ဂိုး)က ကွင်းပိတ်ပြိုင်ပွဲ၌ ဒုတိယဆုရ အား/ကာသိပ္ပံ (မန္တလေး) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ကျပ် ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ယူ–၂၀ ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးဆုရ ဝေလင်း အား/ကာသိပ္ပံ (မန္တလေး)အား ရွှေဖိနပ်နှင့် ဆုကြေးကျပ်သုံးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရ အား/ကာသိပ္ပံ (မန္တလေး) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့်ကျပ်၁၅ သိန်းပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကွင်းပိတ်ရှုံး/ထွက်ပြိုင်ပွဲ၌ ပထမဆုရ မြို့တော်စည်ပင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

တံခွန်စိုက်ဆုဖလား ချီးမြှင့်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ယူ–၂၀ အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရ အား/ကာသိပ္ပံ (မန္တလေး) အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မေဟွားအကြီးတန်း ဘိလိယက်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ပွဲတွင် ခင်မောင်ဦး (မြို့တော်စည်ပင်) ကို အနိုင်ရပြီး ဗိုလ်လုပွဲသို့တက်သွားသော အောင်ဌေး (လယ်/ဆည်)ပြင်ဦးလွင်၏ ယှဉ်ပြိုင်ကစားဟန်။

(ဗိုလ်လုပွဲတွင် အောင်ဌေးနှင့် အောင်ဆန်းဦး(မြို့တော်စည်ပင်)တို့ ရွှေတိဂုံဘုရားလမ်းရှိ မေဟွားခန်းမတွင် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။) (ကြေးမုံ)

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ မြင်းခြံ–မန္တလေးခရီးစဉ် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့်အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ၏ သတ္တမနေ့ပွဲစဉ် မြင်းခြံ–မန္တလေး ခရီးစဉ်အတွက် ဆုပေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ခန်းမ၌ ကျင်းပသည်။

စက်ဘီးစီးသရုပ်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဇော်မြင့်က စက်ဘီးအားကစားနည်းအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ဆေးမှူးချုပ် ဒေါက်တာအောင်သိန်းဌေးက အားကစားနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာကိုလည်းကောင်း ဟောပြောကြပြီး နည်းပြဦးမြင့်ဟန်နှင့် ပဏာမ အမျိုးသမီးလက်ရွေးစင် အေးအေးသင်းတို့က စက်ဘီးစီးသရုပ်ပြသကြသည်။

ထို့နောက် မန္တလေးတိုင်း စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးမောင်စိန်က တတိယရရှိသော ဇော်မင်းထွန်း (ရှမ်းပြည်နယ်–တောင်ပိုင်း)အား ငွေကျပ်နှစ်သောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်–လေ့ကျင့်) ဗိုလ်မှူးစောသန်းနိုင်က ဒုတိယရရှိသော ကျော်ကျော်ဦး (Flamingo) အား ငွေကျပ်လေးသောင်းနှင့် ချမ်းမြသာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းခိုင်က ပထမရရှိသော မင်းမင်းဟန် (လယ်/ဆည်)အား ငွေကျပ်ခြောက်သောင်းငါးထောင်ကို ပေးအပ်ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ (အဋ္ဌမနေ့ပွဲ) မန္တလေး–မိတ္ထီလာ ခရီးစဉ်ကို ဖေဖော်ဝါရီ ၂၀ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုလံပစ်ခြေစစ်ပွဲယှဉ်ပြိုင်ကစားရန် မြန်မာအမျိုးသမီးဘောလုံးအသင်း ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲအကြို ဘောလုံးခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အောက်ပုံ)** မြန်မာအမျိုးသမီး ဘောလုံးအသင်းတွင် ဒေါ်မြမြဦး(အဖွဲ့ခေါင်းဆောင်)၊ ဦးအေးမောင်လေး (အသင်းအုပ်ချုပ်သူ)၊ ဦးအေးကြူကြီး(နည်းပြချုပ်)၊ ဦးတင်မျိုးအောင်(နည်းပြ)၊ ဒေါက်တာမြလေးစိန် (ဆရာဝန်)၊ ဒေါ်မိမိမော် (အတွင်းရေးမှူး)နှင့် ကစားသမားများအဖြစ် ဂိုး–မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း–စန်းစန်းမော်၊ စန်းစန်းသိန်း၊ စန်းယုနိုင်၊ မိုးမိုးဝါ၊ နေဇာလင်းလင်းအောင်၊ ရွှေစင်အောင်၊ အလယ်တန်း–အေးအေးခိုင်၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင်၊ စုစုဝေ၊ မြင့်မြင့်အေး၊ နန်းကြေးငုံ၊ သဲသဲချို၊ သူဇာထွေး၊ ရှေ့တန်း–ခင်မာလာထွန်း၊ မိုင်နီလာထွေး၊ ဇင်မာဝမ်း၊ မာလာဝင်းတို့ ပါဝင်ကြသည်။

ခြေစစ်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ၂၁–၂–၂၀၀၇ ရက်တွင် မြန်မာနှင့်ဩစတြေးလျ၊ တရုတ်(တိုင်ပေ) နှင့် ဥဇဘက်ကစ္စတန်၊ ၂၃–၂–၂၀၀၇ ရက်တွင် ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျ၊ တရုတ်(တိုင်ပေ)နှင့် မြန်မာ၊ ၂၅–၂–၂၀၀၇ ရက်တွင် မြန်မာနှင့် ဥဇဘက်ကစ္စတန်၊ တရုတ်(တိုင်ပေ) နှင့်ဩစတြေးလျတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

အင်တာနက် အားကစားသတင်းများ

အက်ဖ်အေကပ်ဖလားကွာတားဖိုင်နယ်အဆင့် စပါးနှင့် မန်စီးတီးတက်လှမ်း

လန်ဒန် ဖေဖော်ဝါရီ ၁၉

တော့တင်ဟမ်ဟော့စပါးအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့သည် ဖူလ်ဟမ်အသင်းနှင့် ပရက်စတန်နော့သ်အန်းအသင်းတို့ကို အသီးသီးအနိုင်ရရှိပြီးနောက် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားပြီဖြစ်ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

စပါးအသင်းသည် ဖူလ်ဟမ်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာတွင် တိုက်စစ်မှူး ရော်ဘီကိန်းတစ်ဦးတည်းက နှစ်ဂိုးသွင်းပေးခဲ့သည်။ ပွဲချိန် ခုနစ်မိနစ်နှင့် ၆၉ မိနစ်တို့တွင် အီဂျစ်လူမျိုး တိုက်စစ်မှူး မီဒို၏ အကူအညီဖြင့် ရော်ဘီကိန်း ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။

ယင်းနောက်တွင် လူစားထိုးဝင်လာသူ ဒီမစ်တာဘာဘာတော့ဗ်က ပွဲချိန် ၇၈မိနစ်နှင့် ၈၉မိနစ် တွင် ဆက်တိုက်ဂိုးသွင်းယူနိုင်သည်။ ယင်းပွဲတွင် ဖူဟမ်အသင်းမှ ဗင်းဆင်ဗိုမွန်ထယ်လ်မှာ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

မန်စီးတီးအသင်းမှာမူ ပရက်စတန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အင်တာနက်**

ဩစတြေးလျလူမျိုး တောင်ပံဘောလုံးသမား ဟာရီကီးဝဲလ်။
(ဓာတ်ပုံ–အင်တာနက်)

လီဗာပူးအသင်းမှ ဟာရီကီးဝဲလ် အပြည့်အဝကြံ့ခိုင်မှု မရှိသေးဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၁၉

ဩစတြေးလျလူမျိုး အထင်ကရဘောလုံးသမား ဟာရီကီးဝဲလ်သည် ကျန်းမာရေးထိခိုက်ခဲ့ပြီးနောက် ဘောလုံးပြန်လည်ကစားနိုင်မည့်အချိန်ကို ကာလကြာရှည်စွာ မျှော်လင့်စောင့်စားခဲ့ကြောင်း၊ လီဗာပူးအသင်းသည် ဟာရီကီးဝဲလ်၏ အနာဂတ်ရေးကို သေချာပေါက်မပြောနိုင်ကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက်(၂၈) နှစ်အရွယ်ရှိ ကီးဝဲလ်သည် ၎င်း၏ ဝဲဘက်ခြေထောက်တွင် အဆစ်ရောင်မှုအခြေအနေနှင့် တွေ့ကြုံခံစားခဲ့ရသည်။ ယင်းဝေဒနာကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့်ပွဲမှစ၍ ဘောလုံးကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

လက်ရှိဘောလုံးရာသီအတွင်း ဘောလုံးကစားနိုင်ခြင်းမရှိသော်လည်း လာမည့်ရက်သတ္တပတ်တွင် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌ ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ကီးဝဲလ်ပါဝင်ကစားနိုင်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း အပြည့်အဝကြံ့ခိုင်မှုမရှိသေးကြောင်း လီဗာပူးမန်နေဂျာ ရာဖာဘင်နီတတ်ဇ်က ပြောကြားသည်။ **အင်တာနက်**

အင်္ဂလန် လက်ရွေးစင်အသင်း ဘက်ဟမ်းအား ခေါ်ယူမည်မဟုတ်

လန်ဒန် ဖေဖော်ဝါရီ ၁၉

ဒေးဗစ်ဘက်ဟမ်းအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အင်္ဂလန်လက်ရွေးစင်အသင်းမန်နေဂျာ စတိဖ်မက္ကလာရင်သည် ဝါရင့်ဘောလုံးသမားများနှင့် တွေ့ဆုံဆွေးနွေးသည်ဆိုသော သတင်းများမှာ မှန်ကန်ခြင်းမရှိကြောင်း အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က တနင်္ဂနွေနေ့တွင် ငြင်းဆိုလိုက်သည်။

မတ် ၂၄ရက်တွင် အစ္စရေးနိုင်ငံ၌ကျင်းပမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲအတွက် ဘက်ဟမ်းအားပြန်လည်ခေါ်ယူရန် မက္ကလာရင် စဉ်းစားနေသည်ဟု သတင်းစာတစ်စောင်က ရေးသားဖော်ပြခဲ့သည်။

မိမိသည် ဘက်ဟမ်းအားပြန်လည်ခေါ်ယူရေးကိစ္စကို ၎င်းနှင့် ဆွေးနွေးရန်မရှိကြောင်း မက္ကလာရင်က ပြောကြားသည်။ **အင်တာနက်**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးလုပ်ငန်းများတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Computer	(3) Sets
(ခ)	UPS(650 VA)	(3) Nos.
(ဂ)	Laser Jet Printer (HP 1320)-A 3	(1) No.
(ဃ)	Scanner (HP 2400)	(1) No.
(င)	AVR (5KVA)	(2) Nos.
(စ)	Computer table & chair	(1) No.
(ဆ)	Memory Stick (512 MB)	(3) Nos.
(ဇ)	Printer hub(4port)	(1) No.
(ဈ)	Extension Box	(3) Nos.

၂။ တင်ဒါပိတ်ရက်နှင့် အချိန်မှာ(၅-၃-၂၀၀၇)(၁၆း၀၀)နာရီ ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တစ်စုံလျှင် (၁၀၀၀ိ/–)နှုန်းဖြင့် ရုံးအဖွဲ့မှူး၊ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး ရုံးအမှတ်(၆) နေပြည်တော် (ဖုန်း–၀၆၇–၄၁၁၀၆၀၊ ၄၁၁၁၃၄) တွင် စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးသီလာနန္ဒ၏ သက်တော်(၆၇)နှစ်ပြည့် မွေးနေ့ မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဓမ္မသီတာကျောင်း ရဟန်းဒါယိကာမ ဒေါ်ခင်စိုးရီ၊ ရဟန်းအမ ဒေါ်စန်းမိသားစုက အလှူတော်ငွေကျပ် ၁၂၅၀၀၀ကိုရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်–ဘားလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်သူရိယ (မြစ်ကျိုး) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်နေ့ မွန်းလွဲ ၂နာရီအချိန် ထုတ်ပြန်ချက်

ယနေ့နံနက် ၀၉း၃၀နာရီ အချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်။

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူအချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖြစ်မြဲအောက် (၃)ဒီဂရီစင်တီဂရိတ်မှ(၄)ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဖြစ်မြဲအောက် (၅)ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဖြစ်မြဲထက် (၅)ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် သာယာနေသည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်နေ့ညနေအထိခန့်မှန်းချက်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပြီးရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊မန္တလေးတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းကာကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန် ရာနှုန်း(၄၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ စာရင်းစစ်
- B.Com ဘွဲ့ရဖြစ်ရမည်။ (သို့မဟုတ်) ၎င်းနှင့်အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ (လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ အသက်ကိုလျှော့ပေါ့စဉ်းစားပါမည်။)
- စာရင်းစစ်အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
- Microsoft Excel နှင့် Computerize Accounting တတ်ကျွမ်းသူဖြစ်ရမည်။
- ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ တစ်ဆင့်လျှောက်လွှာတင်သွင်းရမည်။

၂။ နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူသည် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ လိပ်စာ တွင် လာရောက်ထုတ်ယူ၍ (၁)လအတွင်းရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ဘွဲ့ လက်မှတ်များ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ကြော်ငြာသည့်နေမှစ၍ (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(အသေးစိတ်သိလိုသည့် အချက်အလက်များကို စီမံချက်မန်နေဂျာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန
ရုံးအမှတ်(၄) နေပြည်တော်
စကားပြောကြေးနန်းအမှတ်–၀၆၇–၄၁၁၃၉၁၊ ၄၁၁၃၈၇

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသိင်္ဂိဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း–အောက်၊ ပန်းဘဲတန်းမြို့နယ်)သို့ ဒေါ်စီစီသန်း၊ ဆောက်လုပ်ရေး အထူးအဖွဲ့(၅)ထံမှ ပေးပို့လှူဒါန်းသောငွေ ကျပ် ၁၀၀၀၀၀ ကို ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်ဆွေ လက်ခံယူစဉ်။ (က–ပ)

စိန္တာမုနိစေတီကြီးစေတီတော် ပဉ္စာန်းပွဲအတွက် လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ညောင်ဦးမြို့နယ် သမိုင်းဝင် စိန္တာမုနိစေတီကြီးစေတီတော်တွင် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက် အထိကျင်းပမည်ဖြစ်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိဓဇ ဘဒ္ဒန္တပညာသာရနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက နေ့ဆွမ်း၊ ဦးထွန်းအောင်–ဒေါ်မေဇင်ဦး(စာကလေးအင်တွဲမှုန့်)မိသားစုတို့က နေ့ဆွမ်း၊ ဗိုလ်မှူးကြီးစိန်ထွန်း(ငြိမ်း) ကို အမှူးထား၍ ကိုအောင်နိုင်ဦး–ဒေါ်ထက်ထက်အေး မိသားစု သုဝဏ္ဏက နေ့ဆွမ်း၊ ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်စူး၍ သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုး–ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစု မရမ်းကုန်းက နေ့ဆွမ်း၊ **(အပေါ်ပုံ)**၊ ဦးမြရှိန်–ဒေါ်လှလှမြတ် မိသားစု ကြို့ကုန်းအရှေ့ အင်းစိန်က နေ့ဆွမ်း၊ ဆရာဦးဝင်းမောင်– ဆရာမ ဒေါ်ရင်ရင်မြင့်၊ သား မောင်ဇွဲဉာဏ်ရဲလင်း၊ အောင်တမန်ဆေးတိုက် မိသားစု ကြည့်မြင်တိုင်က ကျပ် ၁၄၄၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများနှင့် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အမှုဆောင်အဖွဲ့က အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့က လက်ခံရယူကြသည်။ (၆၁)

အလှူတော်ငွေ ထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်လွှာ

သက္ကရာဇ် (၈၂၇)ခုနှစ်ကတည်းက ဥမ္မာဒန္တီမိဖုရားကြီး တည်ထားကိုးကွယ်ခဲ့သည့် ဓနုဖြူမြို့နယ် စံကင်းကျေးရွာရှိ သမိုင်းဝင် မြကျိုက်ပုံစေတီတော်မြတ်ကြီးမှာ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ပြိုကျပျက်စီးတော့မည့်အခြေအနေတွင် သက္ကရာဇ် ၁၂၄၇ခုနှစ်၌ အသစ်တစ်ဖန် ပြုပြင်၍ တည်ထားကိုးကွယ်ခဲ့ပါသည်။

၎င်းစေတီတော်မှာလည်း သက္ကရာဇ် ၁၃၆၂ခုနှစ် တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့တွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့်ပင် ဒုတိယအကြိမ် ပြိုကျပျက်စီးခဲ့ရာ စေတီတော်မြတ်ကြီး၏ ဌာပနာတော်များအား ရယူကာ ဘေးကင်းရာသို့ ရွှေ့ပြောင်း၍ ရွှေတိဂုံစေတီတော်ပုံစံအတိုင်း ပြန်လည်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ စေတီတော်ကြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းအမြန်ဆုံးပြီးစီးအောင်မြင်နိုင်ရေးအတွက် သဒ္ဓါကြည်ဖြူပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ– မြကျိုက်ပုံစေတီတော်ဂေါပကအဖွဲ့
စံကင်းကျေးရွာ၊ ဓနုဖြူမြို့။
ဖုန်း–၀၄၆–၂၅၁၄၈၊ ၀၄၆–၂၅၃၃၆။

ဒေါ်မဥ္ဇူစိန် မန်နေဂျာ မြန်မာ့ကြံလုပ်ငန်း
သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ကမ္ဘာအေးစေတီလမ်း၊
မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၁–၆၆၆၀၄၅။

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
(ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းမှ၊ အောက်ပါပစ္စည်းကိုနိုင်ငံခြားငွေ (Euro, Singapore Dollar, Japanese Yen)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ချိပ်ပိတ်တင်ဒါ ပိတ်ရက်နှင့်အချိန်
၁။	Q/78/3ME/06-07	ELECTRIC SWITCH GEAR COMPONENTS	10Items	၁၅-၃-၂၀၀၇နေ့ (၁၂း၀၀)နာရီ

၂။ **တင်ဒါပေးသွင်းရမည့်နေရာ** **ဦးဆောင်ညွှန်ကြားရေးမှူး**
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
ရုံးအမှတ်(၁၉)နေပြည်တော်

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနခွဲတွင်(၂၂-၂-၂၀၀၇)နေ့မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၄၀၉၃၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
သတ္တုဝန်ကြီးဌာန၊ နေပြည်တော်

ညောင်လေးပင်မြို့ ဆရာတော် ဘဒ္ဒန္တဝိမလ တည်ထောင်သည့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း အာသောကာရာမ ပရိယတ္တိစာသင်တိုက်ကျောင်း၏ (နှစ်ဖက်လှ) မုခ်ဦးအလှူရှင် များဖြစ်ကြသော ကျောင်းအမကြီး ဒေါ်ကျင်ရွှေက ငွေကျပ်နှစ်သိန်း၊ ဘုရားအမ ဒေါ်ကြည်မြင့်က ငွေကျပ်နှစ်သိန်း၊ နာယကချုပ် ဦးလှိုင်က ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ခြောက်သိန်းကို ဆရာတော် ဦးဝါသဝါလင်္ကာရ(ဝိနယပိဋကတစ်ပုံဆောင်) ရှေ့မှောက်၌ အကျိုးဆောင်နာယကချုပ် ဦးလှိုင်ထံ အလှူရှင်များ၏ကိုယ်စား ဒေါ်ကြည်မြင့်က လှူဒါန်းစဉ်။ (၅၃၅)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်း တောင်သာမြို့ (၃)ရပ်ကွက် ကွမ်းခြံကုန်းကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသည့် အောင်စေသိန်းပြည့်စေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် အင်းစိန်မြို့ ညောင်ပင်သာ ကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ) နယ်လှည့်ဓမ္မကထိကဆရာတော်က မတ် ၁ရက်မှ ၂ရက်အထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်တိုက်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေသန့်ပန္နက်တင်မင်္ဂလာကို ဖေဖော်ဝါရီ ၁၁ရက် နံနက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့၊ မဟာဗောဓိ မြိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဟာသေန၊ မန္တလေးမြို့ မဟာသန္တာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသော သံဃာတော်အရှင်မြတ်များ၊ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် အမှုဆောင်များ၊ ကျောင်းအတွင်းရေးမှူး ဗိုလ်ကြီးမြတ်ထိုက်(ငြိမ်း)နှင့် ကျောင်းဆောက်လုပ်ရေးအဖွဲ့ခေါင်းဆောင် ဦးသန့်ဇင်နှင့် ဒါယကာ၊ ဒါယိကာမများက ပန္နက်တင်ပေးကြသည်။ (၅၂၉)

ဝန်ကြီးဗိုလ်ချုပ်စောထွန်း မကွေးတိုင်းအတွင်းရှိ လမ်းတံတားများစစ်ဆေး မုန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ဂန့်ဂေါမြို့မှ ဂန့်ဂေါ-ထီးလင်း-ကျောက်ထုကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြပြီး ဂန့်ဂေါ-ရေမျက်နီ လမ်းအပိုင်းရှိ လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးအား ရေမျက်နီလမ်းဆုံ ရှင်းလင်းဆောင်၌ ဂန့်ဂေါခရိုင်အင်ဂျင်နီယာမှူးဦးမောင်နိုင်က ဂန့်ဂေါ-ထီးလင်း-ကျောက်ထု လမ်းတွင် လုပ်ငန်းများဆောင်ရွက်ထားမှုနှင့် လမ်းတံတားများအခြေအနေကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းသားမျက်နှာပြင်ပျက်စီးမှုကို လက်ရှိ လမ်းအမျိုးအစားအတိုင်း ပြုပြင်ထိန်းသိမ်းရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မိုင်တိုင် ၉၄မိုင် ၅ဖာလုံ နှင့် မိုင်တိုင် ၂၃မိုင် ၆ ဖာလုံတို့၌ သံကူကွန်ကရစ်တံတားသံချောင်းများ တပ်ဆင်ဆောင်ရွက်မှုကိုလည်းကောင်း၊ ၆၉ မိုင် ၂ဖာလုံ၌ လမ်းမျက်နှာပြင်ညှိ၍ ကတ္တရာ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ထုမြို့မှ ပခုက္ကူ-ပေါက်-ကျောက်ထုကားလမ်းအတိုင်း လမ်းတံတားလုပ်ငန်းများ စစ်ဆေး၍ ၆၂ မိုင် ၆ဖာလုံ ပုံတောင်ထိပ် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီးအား ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်အင်ဂျင်နီယာမှူးတို့က လုပ်ငန်းများဆောင်ရွက်ထားမှုအခြေအနေကို လမ်းပိုင်းအလိုက် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် ယောချောင်းတံတား (ကံတွင်း)မှ မော်တော်ယာဉ်များဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

"ရေကို စနစ်တကျ သုံးစွဲတတ်ဖို့လို၊ ရေကို ဖြုန်းတီးခြင်းမပြုဘဲ လိုအပ်သလောက်ချွေတာသုံးစွဲခြင်း၊ သန့်ရှင်းရေး၊ စက်ကိရိယာများ ကြာရှည်စွာ ကြံ့ခိုင်ရေးကို သတိမူ အလေးထားပါမှ နောင်အကျိုးရှိမည်"

ဒေါက်တာဒေါ်မြသန်း (တက္ကသိုလ်ဆေးရုံ)၏ "သန့်ရှင်းသောသောက်သုံးရေ" (ဆောင်းပါး) စာမျက်နှာ-၃

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ် ၁-လျှပ်စစ်)

ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ပသိရေအားလျှပ်စစ်စီမံကိန်းနှင့် ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် တောင်ငူမြို့အရှေ့မြောက်ဘက် ၁၀ မိုင်ခန့် အကွာ ပသိချောင်းတမံအနီး၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ပသိရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရှေ့ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာက ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်ပစ္စည်းများ ရောက်ရှိမှုအခြေအနေ၊ လုပ်ငန်းလျာထားသတ်မှတ်ချက် စသည်တို့ကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှုနှင့် စက်ပစ္စည်းရောက်ရှိမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စက်ရုံကို ပွင့်လင်းရာသီတွင် အပြီးတည်ဆောက်ရန် မှာကြားသည်။

ပသိရေအားလျှပ်စစ်စီမံကိန်းတွင် (၁)မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်ရုံ နှစ်လုံး တပ်ဆင်မည်ဖြစ်ရာ စုစုပေါင်း စက်တပ်ဆင်အင်အား (၂)မဂ္ဂါဝပ်မှလျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

ယနေ့ မိုးလေဝသ

(၂၀-၂-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ- သန့်ဇင်ထွန်း (ကြေးမုံ)

စစ်တွေမြို့ ဖောင်တော်ကြီးဆိပ်ခံတံတားသစ်ကြီးတွင် ပထမဆုံး ဆိုက်ကပ်လာသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် မြစ်ကြီးနားသင်္ဘောအား ဆိပ်ခံတံတားသစ်နှင့် ပန်းရစ္စာ တွေ့ရစဉ်။

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအကျိုးပြု ဖောင်တော်ကြီး ဆိပ်ခံတံတားသစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့ ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းတွင် ဆိပ်ခံတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရခိုင်ပြည်နယ်သည် သဘာဝ သယံဇာတ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အနောက်ဘက်ပင်လယ်ထွက်ပေါက် နယ်စပ်အချက်အချာဒေသတွင် တည်ရှိသည့် ပြည်နယ်တစ်ခု ဖြစ်သည်။ ပင်လယ်ကမ်းခြေတွင် မေးတင်တည်ရှိသည့် ပြည်နယ်ဒေသဖြစ်သည့်အတွက်လည်း ဒေသတွင်းနေပြည်သူတို့မှာ ခရီးသွားလာရေးမှအစ ကုန်သွယ်မှုလုပ်ငန်းအဆုံး ပင်လယ်ပြင်ကြီးကိုသာ အဓိကအားထားအသုံးပြုနေရပြီး **စာမျက်နှာ ၉ ကော်လံ ၂ သို့** ➪